# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့ (30-5-2013) (၇၄၉၆)


## ရန်ကုန်မြို့တော်အများပြည်သူသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ ဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာပယ်ဖျက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

အမိန့်ကြော်ငြာစာ

အမှတ်၊ ၅၀/၂၀၁၃

၁၃၇၅ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်

(၂၀၁၃ ခုနှစ်၊ မေလ ၂၉ ရက်)

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ မေလ ၁၄ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော ရန်ကုန်မြို့တော်အများပြည်သူသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ (Yangon City Public Transport Authority) ဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၁၃) ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



ဒုတိယ သမ္မတ ဦးညဏ်ထွန်းနှင့် ကမ္ဘာ့ဘဏ်၊ အရှေ့တောင် အာရှ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ယူနစ်ကဏ္ဍခွဲ မန်နေဂျာ မစ္စ ဂျူလီယာဖရေဆာ တို့ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

## ကျေးလက်ဒေသအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်သွားရေးနှင့်စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ကမ္ဘာ့ဘဏ်၊ အရှေ့တောင် အာရှ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုယူနစ်ကဏ္ဍခွဲ မန်နေဂျာ မစ္စ ဂျူလီယာ ဖရေဆာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးဇင်ယော်၊ ဦးအုန်းသန်း၊ ဦးမောင်မောင်သိမ်းနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်စီမံခန့်ခွဲရေး၊ မြစ်ကြောင်းများဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များတွင် ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်သွားရေးနှင့် စပ်လျဉ်း၍ ရင်းနှီးစွာဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

## ဆောက်လက်စ ကန်ထရိုက်တိုက် အနောက်ခြမ်း ပြိုကျ

ရန်ကုန် မေ ၂၉

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်မြို့နယ်တွင် ဆောက်လုပ်ဆဲ ကန်ထရိုက်တိုက် အဆောက်အအုံတစ်ခု မေ ၂၈ ရက်က ရုတ်တရက် ပြိုကျသော ဖြစ်ရပ်တစ်ခုဖြစ်ပွားခဲ့သည်။(ယာပုံ)

"ရုတ်တရက် 'ဝုန်း'ဆိုတဲ့ အသံကြီးကြားရတော့ တော်တော်တုန်လှုပ်သွားတယ်။ ဘာဖြစ်မှန်းမသိသေးဘူး။ နောက်မှ ဆောက်လက်စကန်ထရိုက်တိုက်ကြီး ပြိုကျမှန်း သိရတယ်"ဟု ယင်းရပ်ကွက်၌နေထိုင်သူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

ဖြစ်စဉ်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ခွင့်ပြုချက်ဖြင့် လှိုင်မြို့နယ် အမှတ်(၁၆)ရပ်ကွက် မာလာမြိုင်(၆)လမ်း အိမ်အမှတ်(၄၉) မြေကွက်အမှတ်(၂၄၅)တွင် ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှ သုံးထပ်ခွဲ RC အမျိုးအစား အဆောက်အအုံကို ဆောက်လုပ်နေစဉ် မေ ၂၈ ရက် မွန်းတည့် ၁၂ နာရီခန့်က အဆောက်အအုံ၏ အနောက်ဘက်ခြမ်းမှာ ရုတ်တရက်ပြိုကျသွားခြင်းဖြစ်သည်။

ထို့ကြောင့် မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးမှ ဖြစ်ပွားရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာမှ တစ်စုံတစ်ရာညွှန်ကြားမှုမပြုခင် လုပ်ငန်းဆောင်ရွက်နေမှုအား ဆိုင်းငံ့ထားရန် မှာကြားခဲ့ကြောင်း သိရသည်။

ယင်းဖြစ်ရပ်ကြောင့် ကျောချင်းကပ် မာလာမြိုင်(၅)လမ်းမှ နေအိမ်တစ်လုံး အမိုးနှင့် မျက်နှာကြက်များ ပျက်စီးသွားပြီး မည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း စုံစမ်းသိရှိရသည်။ (မောင်သုည)



## အဝါရောင်အဆင့်ရှိ မုန်တိုင်းငယ်ဖြစ်ပေါ်

နေပြည်တော် မေ ၂၉

ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကီပူပါရာမြို့၏ အနောက်တောင်ဘက် မိုင် ၅၀ ခန့်၊ အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့၏ အရှေ့တောင်ဘက် မိုင် ၉၀ခန့်၊ မြန်မာနိုင်ငံ မောင်တောမြို့၏ အနောက်မြောက်ဘက် ၁၆၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် မြောက်ဘက်သို့ရွေ့လျားပြီး နောက် ၁၂ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကိုဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မုန်တိုင်းငယ်ကမ်းဖြတ်ကျော်စဉ် မုန်တိုင်းငယ်၏အရှိန်ကြောင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ်ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်ရှိ ကမ်းနီး/ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ဂရုပြု မောင်းနှင်ရန် လိုအပ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)


ယနေ့ မာတိကာ

ဂျပန်နိုင်ငံ၏ တေးစာရင်းဇယားတွင် နံပါတ်တစ်အဖြစ် ပထမဆုံးအကြိမ် ရပ်တည်ခဲ့သည့် လီမင်ဟို စာ-၁၂

လားရှိုးမြို့၌ ရာဇဝတ်မှုတစ်ခုမှစတင်၍ လူစုလူဝေးဖြင့် မီးရှို့ဖျက်ဆီးမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့ စာ-၁၄





ကြေးမုံစာတည်းရှုထောင့် ၃၀-၅-၂၀၁၂၊ ကြာသပတေးနေ့

# ကွမ်းခလေ့

ကမ္ဘာပေါ်တွင် ကွမ်းစားသုံးမှု အများဆုံးနိုင်ငံများသည် အာရှတိုက်တွင်ရှိနေပြီး အာရှတိုက်အတွင်းရှိ ကွမ်းအစားဆုံးနိုင်ငံမှာ မြန်မာနိုင်ငံဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စစ်တမ်းအရ သိရှိရသည်။

ကျွန်ုပ်တို့နိုင်ငံ၏ ကွမ်းစားခြင်းအလေ့အထသည် ယဉ်ကျေးမှုတစ်ရပ်အဖြစ်တည်ရှိလာခဲ့သည်မှာ နှစ်ပေါင်းကြာချီခဲ့ပြီဖြစ်သည်။ လောင်းကြက်ခေတ် ဘုရင်မင်းထီးလက်ထက်တွင် အမတ်ကြီးများ ကွမ်းစားရင်း နန်းတိုင်တွင်ထုံးတို့သဖြင့် နန်းတော်ညစ်ညမ်းလာရာ ဘုရင်၏အမိန့်ဖြင့် 'ထုံးတို့ရင်လက်ညှိုးဖြတ်စေ'ဟု ပြင်းပြင်းထန်ထန် တားဆီးခဲ့ဖူးသည်။

ပုဂံခေတ်တွင်လည်း ဗျတ်ဝိ၊ မအိုဇာတို့၏ လွမ်းမောဖွယ်ရာကွမ်းတစ်ယာရေတစ်မှုတ်နှင့် ဇာတ်လမ်းတစ်ပုဒ် ရှိခဲ့ဖူးသည်။ ရာဇသင်္ကြန်အမတ်ကြီးကို ကွမ်းတံတွေးထွေးမိ၍ မင်းအဖြစ်နှင့် လွဲခဲ့ရသည့် မင်းသားတစ်ပါး၊ အမတ်ကြီးကိုယ်တိုင်လည်း နှုတ်ခမ်းပဲ့ ယွန်းကွမ်းအစ်ဂြိုဟ်မွှေမိခဲ့၍ အဆောင်အယောင်ဟူသမျှ ရုပ်သိမ်းကာ ဒလတောတန်းသို့ နယ်နှင်ဒဏ်ပေးခံခဲ့ရသည့် ဘဝ စသည်ဖြင့် ကွမ်းသမိုင်းမှတ်တမ်းများကို မှတ်သားဖူးသည်။

အင်းဝခေတ် စာဆိုလှူဦးမင်း၏ "တံတားဦးက ကွမ်းနုဝါ၊ ငမြာကဆေး၊ ကွမ်းသီးတောင်ငူနှင့် ကိုင်းထုံးဖြူပြည်ရှား၊ သာဝါးလို့ထွေး" "ကွမ်းရွက်ကယ်ညာကြွေ၊ ရေစိမ်တဲ့ဆေး၊ သန်းခေါက်လှိုင်နဲ့ ချိုင်လိုက်မယ် ထုံးဖြူခြောက် ကယ်အာပေါက်မှထွေး" ဟူ၍ အတိုင်အဖောက်ညီစွာ သီကုံးခဲ့သည့် ကွမ်းသမိုင်းများလည်း ရှိခဲ့ဖူးပါသည်။

ရှေးလူကြီးများ ကွမ်းစားလျှင် ယခုကဲ့သို့ ဝါးပြီးထွေးပစ်သည့် အလုပ်မလုပ်ကြပါ။ ကွမ်းကို ပါးစောင်ကြားတွင် ကြာကြာငုံထားတတ်ပြီး သွားနှင့် ခပ်ဖွဖွလေးကိုက်ကာ ကွမ်းအရသာကို ယူတတ်ပါသည်။ ကွမ်းရွက်တွင် ကွမ်းသီး၊ ဆေး၊ ထုံး အရသာမရှိတော့မှ ငုံထားပြီး ကွမ်းရွက်နွမ်းတွင်ပင် ကွမ်းသီး၊ ဆေး၊ ထုံး တို့ အသစ်ပြန်လဲကာ ငုံတတ်ပါသည်။ ကွမ်းရွက်ကို ချွေတာသုံးစွဲသည့်သဘောဖြစ်သည်။

ကျွန်ုပ်တို့ပြည်သူများ နိစ္စဓူဝ ယနေ့သုံးစွဲတတ်နေကြသည့် ကွမ်းနှင့်ဆက်စပ်ပစ္စည်းများမှာ ရှေးကွမ်းခလေ့ကဲ့သို့ ပြည်တွင်းဖြစ်ပစ္စည်းများ မဟုတ်ကြတော့ပါ။ တစ်ဖက်နိုင်ငံမှ တရားမဝင် ဝင်ရောက်နေရာယူလာသည့် အသင့်စားဆေးပေါင်းထုပ်များဖြစ်ပါသည်။ ဓာတုပစ္စည်းများပါဝင်နိုင်သည့် ကွမ်းဆေး ဘုရင်မ၊ ဆေးဝါ၊ ဆေးမဲ စသည်ဖြင့် ကင်ဆာဖြစ်စေနိုင်သည့် ပစ္စည်းများပါဝင်လာပါသည်။

အဆိုပါ ကွမ်းဆေးများ၏အန္တရာယ် မည်မျှဖြစ်စေသည်ကို အသိပေးတင်ပြကြသော်လည်း စားသုံးသူကွမ်းပြည်သူတို့က ဆက်လက်အားပေးနေဆဲဖြစ်၍ လမ်းကြောင်း အသွယ်သွယ်၊ ရောင်းနည်းအဖုံဖုံဖြင့် သုံးစွဲမှုတစ်နေ့တခြားမြင့်တက်လျက် ရှိပါသည်။ ပြည်တွင်းဖြစ်ကွမ်းတချို့တွင် ဓာတုဆေးသုံးခြင်း၊ ကွမ်းသီးကို ကန့်ရေစိမ်ခြင်းတို့ ရှိလာပါသည်။

ဆိုးရွားမှုတစ်ခုမှာ ယနေ့နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးအောင်၊ သန့်ရှင်းသပ်ရပ် လှပအောင် ဆောင်ရွက်လျက်ရှိရာ ကွမ်းစားသုံးသူတို့၏ ကွမ်းဝါးပြီးမဆင်မခြင် ကွမ်းတံတွေးထွေးကြခြင်းတို့ကြောင့် မြို့ပြကျက်သရေကို ထိခိုက်စေသော အမြင်မတင့်ဖွယ်ရာများ ဖြစ်ပေါ်နေပါသည်။

ကမ္ဘာ့ကျန်းမာရေးစစ်တမ်းအရလည်း ကင်ဆာရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံတွင် ကျွန်ုပ်တို့နိုင်ငံသည် ဒုတိယမြောက်နေရာတွင် ရောက်နေသောကြောင့် ကွမ်းစားခြင်းနှင့် ပတ်သက်၍ အထူးသတိထားရမည့် အချိန်အခါလည်းဖြစ်ပါသည်။

ထို့ကြောင့် ငွေလည်းကုန်၊ ရောဂါလည်းရသည့် ရှေးနှင့်မတူသော ကွမ်းခလေ့ကို ပြန်လည် သတိပြုဆန်းစစ်မှုပြုကြဖို့လိုမည်ဖြစ်ပါသည်။ ပတ်ဝန်းကျင်ကို အထူးညစ်ညမ်းစေသည့် ကွမ်းစားခြင်း အပြုအမူများကို ရှောင်ရှားကြခြင်းဖြင့် မိမိနှင့် မိမိဝန်းကျင်လှပအောင် ဆောင်ရွက်ကြဖို့ အသိပေးနှိုးဆော်အပ်ပါသည်။ ။





## ဟဇ္ဇျ်ဘုရားဖူးစေလွှတ်ရေး ဒုတိယဝန်ကြီး ဦးစိုးဝင်းတက်ရောက်ဆွေးနွေး

**ရန်ကုန် မေ ၂၉**

ဆော်ဒီအာရေးဗီးယားနိုင်ငံ မက္ကာမြို့သို့ ဟဇ္ဇျ်ဘုရားဖူးစေလွှတ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းတည့် ၁၂ နာရီတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး(ရန်ကုန်ရုံးခွဲ)ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့် သာသနာရေးဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟဇ္ဇျ်ဘုရားဖူးခရီးသွားကုမ္ပဏီများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။**(အပေါ်ပုံ)**

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးစိုးဝင်းက အမှာစကားပြောကြားရာ၌ ယခင် ဟဇ္ဇျ်ဘုရားဖူးခရီးစဉ်အချို့ကို တိုင်းဒေသကြီး/ပြည်နယ်များမှ ကိုယ်စားလှယ်များနှင့် ဝန်ကြီးဌာနမှတာဝန်ရှိသူများ ပူးပေါင်း၍ ကိုင်တွယ်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ သာသနာရေးဝန်ကြီးဌာနအနေဖြင့် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲမှုများ၊ ဖြေလျှော့မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ ဟဇ္ဇျ်ဘုရားဖူးခရီးသွား ကုမ္ပဏီများအနေဖြင့် ဘုရားဖူးခရီးစဉ်များကို လွတ်လပ်စွာ စီမံဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းပြီး ဟဇ္ဇျ်ဘုရားဖူးပြည်သူများ အချိန်မီသွားလာနိုင်ရေး အကောင်းဆုံးဝန်ဆောင်မှုပေးကြရန် ဖြစ်ကြောင်းနှင့် သာသနာရေးဝန်ကြီးဌာနအနေဖြင့် လိုအပ်သော အကူအညီများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ထို့နောက် တက်ရောက်လာကြသူများက ဟဇ္ဇျ်ဘုရားဖူးခရီးစဉ်နှင့် သက်ဆိုင်သည့်လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းတင်ပြကြသည်။ ယင်းနောက် ဟဇ္ဇျ်ဘုရားဖူးခရီးသွားကုမ္ပဏီ ၁၀၄ ခုမှ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို အများဆန္ဒနှင့် ကိုက်ညီလွတ်လပ်စွာ ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ




ဩစတြေးလျနိုင်ငံ Rotary Club of Essendon မှ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ အမေရိကန်ဒေါ်လာ ၅၀၀၀၀ တန်ဖိုးရှိ ဆေးပစ္စည်း ၁၂၅ မျိုး လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်လက်ခံစဉ်။ (ဇီဝိတဒါန)



☆ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ အခမ်းအနားအပြီးတွင် စုပေါင်း၍ အမှတ်တရ ဓာတ်ပုံရိုက်ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်တို့သည် စစ်ရေးပြကွင်းရှိ အလေးပြုခံစင်မြင့်တွင် ဂုဏ်ပြုတပ်ဖွဲ့၏ နှုတ်ဆက်အလေးပြုခြင်းကို ခံယူခဲ့ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တော်ဝင်ဘွဲ့အဆောင် အယောင် စလွယ်နှင့် အဆောင် အယောင်တံဆိပ်တို့ကို တပ်ဆင်ပေးပြီး ဂုဏ်ပြုနှုတ်ဆက်စဉ်။** (သတင်းစဉ်)



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်အတိုင်ပင်ခံကောင်စီဥက္ကဋ္ဌအား တွေ့ဆုံနှုတ်ဆက်

**နေပြည်တော် မေ ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မေ ၂၈ ရက် နေ့လယ်ပိုင်းတွင် ထိုင်းဘုရင့် အတိုင်ပင်ခံကောင်စီဥက္ကဋ္ဌ General Prem Tinsulanonda အား ၎င်း၏ နေအိမ်ဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေး ဆိုင်ရာ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာ၊ နှစ်နိုင်ငံဆက်ဆံရေးအား ယခုထက်ပိုမိုကောင်းမွန်အောင် တိုးတက်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့် အတိုင်ပင်ခံကောင်စီဥက္ကဋ္ဌ General Prem Tinsulanonda တို့နှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုကြိုဆို

**နေပြည်တော် မေ ၂၉**

ထိုင်းနိုင်ငံတွင် ချစ်ကြည်ရေး ခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် General Tanasak Patimapragorn က ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကို မေ ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၉နာရီခွဲတွင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၊ စစ်ရေးပြကွင်း၌ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရင်းနှီးခင်မင်စွာဖြင့် ခရီးဦးကြိုနှုတ်ဆက်ပြီး ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။ **(အောက်ပုံ)**

အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် တစ်ဦးချင်း မိတ်ဆက်ပေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး ပင်မခန်းမဆောင်ရှိ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ တည်ခင်းဧည့်ခံသော ညစာစားပွဲတက်ရောက်

**နေပြည်တော် မေ ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မေ ၂၈ ရက်ညပိုင်းတွင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn နှင့် ဇနီးတို့က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ထိုင်းဘုရင့်တပ်မတော် (ရေ)မှ တေးဂီတအဖွဲ့နှင့် ထိုင်းရိုးရာယဉ်ကျေးမှုအကအဖွဲ့များက တေးသီချင်းများ၊ ရိုးရာအကများဖြင့် ကပြဖျော်ဖြေကြသည်။

ညစာသုံးဆောင်အပြီးတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့သည် အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကပြဖျော်ဖြေကြသော ထိုင်းရိုးရာယဉ်ကျေးမှုအကအဖွဲ့များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ ဆုငွေများပေးအပ်ချီးမြှင့်ကာ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**








ဧဝရက်တောင်ထွတ်ပေါ်သို့ လူသားခြေချနိုင်မှုအထိမ်းအမှတ်အဖြစ် စီတန်းလှည့်လည်ပွဲ ပြုလုပ်စဉ်။

# ဧဝရက်တောင်ထွတ်ပေါ်သို့ လူသားခြေချနိုင်မှု နှစ်(၆၀)ပြည့်အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ခတ္တမန္ဒူ မေ ၂၉**

နီပေါနိုင်ငံသည် ကမ္ဘာ့အမြင့်ဆုံးတောင်ထွတ်ဖြစ်သော ဧဝရက်တောင်ထွတ်ပေါ်သို့ လူသားခြေချနိုင်မှု နှစ် ၆၀ပြည့် အထိမ်းအမှတ်အခမ်းအနားကို မေ ၂၉ရက်က ဆင်နွှဲနိုင်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

နယူးဇီလန်နိုင်ငံသား အက်ဒ်မွန်ဟီလာရီနှင့် နီပေါလူမျိုး တောင်တက်လမ်းပြ တန်ဇင်းနော်ဂေးတို့သည် ၁၉၅၃ခုနှစ် မေ ၂၉ရက်က ဧဝရက်တောင်၏တောင်ထွတ်ပေါ်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြသည်။

မီတာ ၈၈၅၀(၂၉၀၃၅ ပေ)အမြင့်ရှိ ဧဝရက်တောင်ပေါ်သို့ အောင်မြင်စွာတက်ရောက်နိုင်ခဲ့သော တန်ဇင်းနော်ဂေးသည် ၁၉၈၆ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဒါဂျီလင်မြို့၌ ကွယ်လွန်အနိစ္စရောက်ခဲ့သည်။ ၎င်းကွယ်လွန်ချိန်တွင် အသက် ၇၁နှစ်ရှိပြီဖြစ်သည်။ အက်ဒ်မွန်ဟီလာရီမှာမူ ၂၀၀၈ခုနှစ်တွင် နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက် ၈၈နှစ်ရှိသည်။ နီပေါနိုင်ငံ မြို့တော်ခတ္တမန္ဒူ၌ပြုလုပ်သော အထိမ်းအမှတ်အခမ်းအနားသို့ အက်ဒ်မွန်ဟီလာရီနှင့် တန်ဇင်းနော်ဂေးတို့၏ ဆွေမျိုးသားချင်းများနှင့် နိုင်ငံတကာမှ တောင်တက်သမားများ ပါဝင်တက်ရောက်ခဲ့ကြသည်။ **ဆင်ဟွာ။**

# တောင်ကိုရီးယား နျူကလီးယားဓာတ်ပေါင်းဖိုနှစ်လုံးရပ်ဆိုင်း

**ဆိုးလ် မေ ၂၉**

တောင်ကိုရီးယားနိုင်ငံတွင် တရားဝင်ခွင့်ပြုချက် မရှိသော ပစ္စည်းအစိတ်အပိုင်းများအား အသုံးပြုထားသည့် နျူကလီးယားဓာတ်ပေါင်းဖိုနှစ်လုံးကို လည်ပတ်နေခြင်းမှ ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

### ရွှေ့ဆိုင်းထား

နျူကလီးယားအန္တရာယ်ကင်းဝေးရေးနှင့် လုံခြုံရေးကော်မရှင်သည် အခြားနျူကလီးယားဓာတ်ပေါင်းဖို နှစ်လုံးစတင်လည်ပတ်မည့်ကိစ္စကိုလည်း ရွှေ့ဆိုင်းထားသည်။ သို့သော် ပြည်သူလူထုကို အန္တရာယ်ပေးရန် ခြိမ်းခြောက်မှုမရှိဟုဆိုသည်။

၂၀၁၂ခုနှစ်နောက်ပိုင်း၌ အန္တရာယ်ကင်းစင်ကြောင်း အထောက်အထား လက်မှတ်အတုများဖြင့် စက်ပစ္စည်းများ တပ်ဆင်သည့် အရှုပ်တော်ပုံ ပေါ်ပေါက်လာသောကြောင့် နျူကလီးယားဓာတ်ပေါင်းဖိုနှစ်လုံးကို ပိတ်ခဲ့သည်။

### ထောက်ပံ့

တောင်ကိုရီးယားနိုင်ငံတွင် နျူကလီးယားဓာတ်ပေါင်းဖို ၂၃လုံးရှိ၍ နိုင်ငံလိုအပ်ချက်၏ သုံးပုံတစ်ပုံကိုထောက်ပံ့လျက်ရှိသည်။ ယင်းသို့ရပ်ဆိုင်းလိုက်ခြင်းကြောင့် နွေရာသီကာလတစ်ခုလုံးအတွက် လျှပ်စစ်ဓာတ်အား မည်သို့ဖြန့်ဖြူးမည်နည်းဟု မေးခွန်းထွက်ပေါ်လျက်ရှိသည်။

ခွင့်ပြုချက်မဲ့အစိတ်အပိုင်းများကို အစားထိုး တပ်ဆင်ရေးအတွက် ရပ်ဆိုင်းထားသည့် နျူကလီးယားဓာတ်ပေါင်းဖိုနှစ်လုံးမှာ ရှင်ကိုရီဓာတ်ပေါင်းဖို အမှတ်(၂)နှင့် ရှင်ဝူလ်ဆောင်ဓာတ်ပေါင်းဖို အမှတ်(၁)တို့ဖြစ်သည်ဟု ကော်မရှင်က ပြောသည်။

### အစားထိုးတပ်ဆင်

ရှင်ကိုရီဓာတ်ပေါင်းဖို အမှတ်(၁)ကို စတင်ပြုပြင်နေပြီး ရှင်ဝူလ်ဆောင် အမှတ်(၂)ကိုမူ ပစ္စည်းများအစားထိုး တပ်ဆင်ပြီးမှ လည်ပတ်မည်ဖြစ်သည်။

တောင်ကိုရီးယား နျူကလီးယားဓာတ်ပေါင်းဖိုများတွင် အသုံးပြုသည့်ပစ္စည်းကိရိယာများမှာ တိကျမှန်ကန်သော အန္တရာယ်ကင်းလက်မှတ်များ လိုအပ်သည်။

သို့သော် ယောင်ဝမ်နျူကလီးယား ဓာတ်အားပေးစက်ရုံမှဓာတ်ပေါင်းဖိုနှစ်လုံးတွင် တပ်ဆင်ထားသည့် ပစ္စည်းများကို မှန်ကန်စွာ စိစစ်ထားခြင်းမရှိကြောင်း ဝန်ကြီးကယမန်နှစ်က ထုတ်ဖော်ပြောကြားခဲ့သည်။ **ဘီဘီစီ။**



# ရုရှားက အက်စ်-၃၀၀ ဒုံးကျည်များ ဆီးရီးယားသို့ပို့မည်ဟုဆို

**မော်စကို မေ ၂၉**

ရုရှားနိုင်ငံက ဆီးရီးယားနိုင်ငံသို့ လေယာဉ်ပစ် အက်စ်-၃၀၀ ဒုံးကျည်များကို ပေးပို့မည်ဖြစ်ပြီး ယင်းလက်နက်များသည် ပြည်ပမှဝင်ရောက်စွက်ဖက်မှုများအား တားဆီးရာတွင် အထောက်အပံ့ပေးမည်ဖြစ်ကြောင်း မော်စကိုက ပြောသည်။

### တားဆီး

ယင်းဒုံးကျည်များသည် ဆီးရီးယားပြဿနာအတွင်းသို့ ဆင်ခြင်တုံတရား ကင်းမဲ့သူအချို့ ဝင်ရောက်မလာနိုင်ရန် တားဆီးနိုင်မည့် အခြေခံအကြောင်း တရားတစ်ရပ်ဖြစ်သည်ဟု ရုရှားဒုတိယနိုင်ငံခြားရေး ဝန်ကြီး ဆာဂျီယဗ်ကော့ဗ်က ပြောသည်။

### ဝေဖန်

ဆီးရီးယားအတိုက်အခံတို့အား လက်နက်ထောက်ပံ့ခြင်း မပြုရန် တားဆီးပိတ်ပင်ထားခြင်းကို သက်တမ်းတိုးမြှင့်ခြင်းမပြုရန် အီးယူ(ဥရောပသမဂ္ဂ)က ဆုံးဖြတ်ခဲ့ခြင်းနှင့်ပတ်သက်၍ ရုရှားက ဝေဖန်သည်။

ယင်းသို့ဆုံးဖြတ်ခြင်းသည် ငြိမ်းချမ်းရေးညီလာခံအတွက် မျှော်လင့်ချက်များကို ထိခိုက်စေမည်ဖြစ်ကြောင်း ယဗ်ကော့ဗ်က ပြောသည်။

### လက်မှတ်ရေးထိုး

အက်စ်-၃၀၀ဒုံးကျည်စနစ်များရောင်းချရေး ကန်ထရိုက်စာချုပ်မှာ လွန်ခဲ့သည့်နှစ်အတန်ကြာကပင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ပြောသည်။

ဆီးရီးယားသို့ ဒုံးကျည်များပေးပို့ရာတွင် မော်စကိုက နိုင်ငံတကာ ဥပဒေဘောင်အတွင်းမှ အပြည့်အဝလိုက်နာဆောင်ရွက်လျက်ရှိကြောင်း နေတိုးဆိုင်ရာ ရုရှားသံတမန် အလက်ဇန္ဒြာဂရုကိုက ပြောသည်။

ရုရှားနိုင်ငံ၏ကြေညာချက်တွင် တင်းမာမှုအရှိန်မြင့်လာသည်ကို တွေ့မြင်ရသည်ဟု ဘီဘီစီသတင်းထောက်က ပြောကြားသည်။ အစ္စရေးက ဆီးရီးယားကို လေကြောင်းမှ တိုက်ခိုက်ခြင်း ထပ်မံမပြုလုပ်တော့ပါဟု ကတိကဝတ်ပေးခဲ့လျှင် အပြန်အလှန်အားဖြင့် ရုရှားကလည်း ဒုံးကျည်များပေးပို့မည့်ဆုံးဖြတ်ချက်ကို ရုပ်သိမ်းမည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်ဟု ၎င်းကပြောသည်။**ဘီဘီစီ။**

# ဘော်လ်တီမိုးမြို့အနီး လမ်းချော်သည့် ရထားတွဲများ ကြီးမားစွာပေါက်ကွဲ

**ဘော်လ်တီမိုး မေ ၂၉**

အမေရိကန်ပြည်ထောင်စု ဘော်လ်တီမိုးမြို့အနီးတွင် မေ ၂၈ရက်က လမ်းချော်မှုဖြစ်ပွားခဲ့သည့် ရထားတွဲများ မီးလောင်မှုများနှင့် ကြီးမားသောပေါက်ကွဲမှုများဖြစ်ပွားခဲ့ပြီး စက်ခေါင်းမောင်းမှာ ဒဏ်ရာရရှိကြောင်း သတင်းရရှိသည်။ ကုန်ရထားတစ်စင်းသည် အမှိုက်သိမ်းကားတစ်စီးကို ဝင်တိုက်မိရာက လမ်းချော်ခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်ရပ်တွင် ထုတ်လွှင့်သည့်ရုပ်မြင်သံကြားပြကွက်များအရ လမ်းချော်ကျသည့် ရထားတွဲများမှ မီးခိုးလုံးများ ထွက်ပေါ်နေသည်ကို တွေ့မြင်ရသည်။ မည်းမှောင်ထူထပ်သော မီးခိုးများသည် လမ်းချော်နေသည့်ရထားတွဲမှ ထွက်ပေါ်နေပြီး ရထားတွဲများအတွင်း ကျန်ရစ်သူများအနေဖြင့် ရထားတွဲဆိုင်းများကိုဖြတ်ကျော်ရန် ကြိုးပမ်းမှုများကို တွေ့မြင်နေရသည်ဟု ဆိုသည်။ ရထားတွဲများပေါ်တွင်ပါလာသည့် ဖလူအိုရိုဒ်ဓာတုပစ္စည်းများ မီးလောင်ကျွမ်းလျက်ရှိသော်လည်း ဘေးအန္တရာယ် အထူးကျရောက်ဖွယ်မရှိဟု ဆိုသည်။

**အေပီ။**



ဘော်လ်တီမိုးမြို့အနီးတွင် လမ်းချော်သည့် ကုန်ရထားတစ်စင်း မီးလောင်လျက်ရှိစဉ်။






## ဖတ်မှတ်ဖွယ်အစုံစုံ နိုင်ငံတကာသတင်းအမုံမုံ

### ယခုနှစ်ကုန်တွင် မိုဘိုင်းဈေးကွက်ကို တက်ဘလက်များ လွှမ်းမိုးနိုင်

ယခုနှစ်ကုန်ကာလတွင် မိုဘိုင်း PC ဈေးကွက်အတွင်း တက်ဘလက်ကွန်ပျူတာများ လွှမ်းမိုးနေရာယူလာနိုင်ပြီး ၂၀၁၅ ခုနှစ်ကာလသို့ ရောက်ပါက မိုဘိုင်း PC ဈေးကွက်၏ ထိပ်ဆုံးတွင် နေရာယူလာဖွယ်ရှိကြောင်း အမေရိကန်နည်းပညာသုတေသနပြုလေ့လာရေးဌာနမှ သုတေသီများက မေ ၂၈ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ တက်ဘလက်ကွန်ပျူတာများသည် ယခုနှစ်အတွင်း မိုဘိုင်း PC ဈေးကွက်၏ ၅၈ ဒသမ ၇ ရာခိုင်နှုန်းတွင် နေရာယူလာကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် အလုံးရေ ၂၂၉ ဒသမ ၃ သန်းခန့် အသုံးပြုလျက်ရှိကြောင်း၊ ဈေးနှုန်းကျဆင်းလာခြင်းကလည်း ယင်းကွန်ပျူတာများ ပိုမိုသုံးစွဲစေရန် စွဲဆောင်မှုပြုနေကြောင်း၊ တက်ဘလက်ကွန်ပျူတာတစ်လုံး၏ ယခုလက်ရှိပျမ်းမျှပေါက်ဈေးမှာ အမေရိကန်ဒေါ်လာ ၃၈၁ ဒေါ်လာသာရှိကြောင်း၊ ၂၀၁၂ ခုနှစ် ဈေးနှုန်းထက် ၂၀ ရာခိုင်နှုန်း ကျဆင်းလာကြောင်း အဆိုပါ သုတေသီများက ဆိုသည်။

### သီရိလင်္ကာ၏ ပထမဆုံးဂြိုဟ်တုလွှတ်တင်နိုင်ရေး တရုတ်ကူညီမည်

သီရိလင်္ကာနိုင်ငံ၏ ပထမဆုံးသော ဆက်သွယ်ရေး ဂြိုဟ်တုလွှတ်တင်နိုင်ရေးကိစ္စနှင့် ပတ်သက်၍ တရုတ်နိုင်ငံမှ ကူညီမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအခြေစိုက်သတင်းဌာနများက မေ ၂၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့ကြသည်။ ယင်းသဘောတူညီချက်မှာ တရုတ်သမ္မတ ရှီကျင့်ဖျင်ထံ သီရိလင်္ကာသမ္မတ မဟင်ဒါရာဂျာ ပက်စကာက မေ ၂၈ ရက်က အလည်အပတ်ခရီး စဉ်ရောက်ရှိလာချိန်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ သီရိလင်္ကာနိုင်ငံမှ လွှတ်တင်ရန်ရည်ရွယ်ထားသည့် ဆက်သွယ်ရေးဂြိုဟ်တုကို တရုတ်ကုမ္ပဏီ Great Wall Industry Crop. မှ တာဝန်ယူလုပ်ဆောင်ပေးမည်ဖြစ်ပြီး ဂြိုဟ်တုမှာ DFH-4 ဂြိုဟ်တု၏ပုံစံကို အခြေခံတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရပြီး ဂြိုဟ်တုလွှတ်တင်မည့် ရက်အတိအကျကိုမူ ထုတ်ဖော်ကြေညာထားခြင်းမရှိ ပေ။

### ဂျော်ဒန်မှ ဆီးရီးယားဒုက္ခသည် ၆၀၀၀၀ နီးပါး နေရပ်သို့ပြန်

ဂျော်ဒန်နိုင်ငံအတွင်း လာရောက်ခိုလှုံလျက်ရှိသော ဆီးရီးယားဒုက္ခသည် ၆၀၀၀၀ နီးပါးမှာ ဒုက္ခသည်စခန်းများတွင် နေထိုင်ရသည်ကို အလိုမရှိကြ၍သော်လည်းကောင်း၊ အခြားသော အကြောင်းအရာများကြောင့် သော်လည်းကောင်း မူရင်းဌာနေ ဆီးရီးယားနိုင်ငံသို့ ပြန်လည်သွားရောက်နေကြောင်း ဂျော်ဒန်အစိုးရ တာဝန်ရှိသူများက မေ ၂၉ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ဂျော်ဒန်နိုင်ငံတွင် ခိုလှုံသော ဆီးရီးယား ဒုက္ခသည်အရေအတွက်မှာ ဒုက္ခသည်အရေအတွက်အားလုံး၏ ထက်ဝက်ခန့်ရှိကြောင်း၊ အရေအတွက်အားဖြင့် ၁၈၀၀၀၀ ခန့်ရှိပြီး ဆီးရီးယားနယ်စပ်ရှိ ဇားတာရီဒုက္ခသည်စခန်းတွင် ခိုလှုံနေရကြောင်း၊ ယင်းတို့အနက်မှ အရေအတွက် ၅၈၆၄၁ မှာ နေရပ်သို့ပြန်သွားပြီဖြစ်ကြောင်း ၎င်းတို့က ဆိုသည်။

**ဟိန်းထက်လင်း -ရေးသားသည်**

## မြန်မာနိုင်ငံက သီရိလင်္ကာနိုင်ငံသို့ စွယ်စုံဆင်လှူဒါန်း



**ရန်ကုန် မေ ၂၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်က သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ နှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် စွယ်စုံဆင်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ရှင်းလင်းဆောင်၌ ကျင်းပရာ သီရိလင်္ကာနိုင်ငံမှ ဆရာတော် Most Ven. Prof. Bellinwila Wimalaratana၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်နှင့် သီရိလင်္ကာနိုင်ငံ Ministry of External Affairs, Secretary Mr. Karunatilake Amunugama တို့က စွယ်စုံဆင်လှူဒါန်းခြင်း အထိမ်းအမှတ်ဆီမီးတိုင်ကို ထွန်းညှိကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သက်သက်ဇင်က စွယ်စုံဆင်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး Mr. Karunatilake Amunugama က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ မြန်မာ့သစ်လုပ်ငန်း အထွေထွေမန်နေဂျာ(သစ်ထုတ်ရေး) ဦးမောင်မောင်တိုးနှင့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mr. H.R. Piyasiri တို့က စွယ်စုံဆင်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် သီရိလင်္ကာ ဆရာတော် Most. Ven. Prof. Bellinwila Wimalaratana က မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံတို့၏ သာသနာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပြောကြားသည်။

ထို့နောက် သီရိလင်္ကာဆရာတော်ထံ ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သက်သက်ဇင်က စွယ်စုံဆင် အောင်လင်းဦးကို ပေးအပ်လှူဒါန်းပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။**(အပေါ်ပုံ)**

စွယ်စုံဆင် အောင်လင်းဦးကို ပဲခူးတိုင်းဒေသကြီး သာယာဝတီ သစ်ထုတ်ရေးဒေသ၌ မိခင်ဆင်မကြီး စမ်းဇာခြည်က ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် မွေးဖွားခဲ့သည်။ ဝန်တင်ဆင်ဖြစ်ပြီး အရပ်ငါးပေ ရှစ်လက်မ၊ အလေးချိန်ပေါင် ၂၂၀၀ နှင့် လုံးပတ်ရှစ်ပေခြောက်လက်မရှိပြီး အသားအရေမှာ ရှောက်ခွံရောင်ဖြစ်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အနေဖြင့် ၂၀၀၆ ခုနှစ်တွင် ပထမအကြိမ် စွယ်စုံဆင်နှစ်စီးအား သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့ရှိ စွယ်တော်တိုက်သို့ လည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် စွယ်စုံဆင် တစ်စီးအား ကိုလံဘိုမြို့ မဟာရာဇာ ဓိဟာရ ကိုတေးဘုန်းတော်ကြီးကျောင်းသို့ လည်းကောင်း လှူဒါန်းခဲ့ပြီး ယခုစွယ်စုံဆင်လှူဒါန်းခြင်းသည် တတိယအကြိမ်မြောက် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။**(သတင်းစဉ်)**

## ဒေးဝန်းကို အလည်လာတဲ့ဒေါင်းကြီးအိုးဝေ

**ရွှေဘို မေ ၂၉**

မြန်မာ့ဓလေ့ထုံးစံများအရ ဒေါင်းကို ဥဒေါင်းဟုလည်း ခေါ်ဆိုကြပြီး မင်္ဂလာငှက်ဟု ဆိုထားကြသည်။ ထို့ကြောင့်လည်း ရှေးမြန်မာဘုရင်မင်းမြတ်များ လက်ထက်တော်အချိန်မှအစပြုပြီး ဒေါင်းအလံ၊ ဒေါင်းတံဆိပ်၊ ဒေါင်းဒင်္ဂါးစသည်တို့ကို နိုင်ငံတော်၏ အလေးထားရာ အမှတ်အသားအဖြစ် တင်စားမှတ်တမ်းတင်ထားခဲ့သည်။ လွတ်လပ်ရေးရပြီးခေတ်၌လည်း နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းသတ်မှတ်သည့် ကျောင်းစာအုပ်များ၌လည်း ကဒေါင်းပုံမျက်နှာဖုံးဖြင့် ဒေါင်းဖတ်စာဆိုပြီး သင်ယူခဲ့ရဖူးသည်။



ဤမျှ အလေးထားခံရသော ဥဒေါင်းကို ယခုအခါ တိရစ္ဆာန်ရုံမှတစ်ပါး တောတောင်များထဲတွင်ပင် ရှာဖွေတွေ့ရှိရန် ခဲယဉ်းလှသည်။ အဆိုပါ ရှားပါးဥဒေါင်းတစ်ကောင်ကို မေ ၂၇ ရက် နံနက် ၁၀ နာရီခွဲတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ မဟာအောင်မြေ အားကစားကွင်း အရှေ့ဘက် ၈၇×၃၆ လမ်းထောင့်ရှိ ကုက္ကိုပင်ကြီး၏ ထိပ်ဖျားတွင် နားနေသော ဥဒေါင်းငှက်တစ်ကောင်(ဝဲပုံ)ကို ထူးထူးခြားခြား တွေ့လိုက်ရသဖြင့် ပတ်ဝန်းကျင်ရှိ သွားလာနေကြသူ ပြည်သူများအဖို့ အဆန်းတကြယ် ကြည့်ရှုခွင့်ရလိုက်ကြသည်။ အပင်အောက်မှ ကြည့်ရှုခန့်မှန်းချက်အရ ခေါင်းမှအမြီးဖျားအထိ သုံးပေခန့်ရှိမည်ဟု ခန့်မှန်းရသည်။ ရပ်ကွက်အတွင်းရှိ လူကြီးသူမတို့၏ ပြောစကားအရ ဥဒေါင်းသည် မင်္ဂလာငှက်ဖြစ်ပြီး ၎င်းလာနားသည့်အပင်မှာ ကုက္ကိုပင်ဖြစ်သဖြင့် မြန်မာဗျည်း ၃၃ လုံးတွင် အစလုံးဖြစ်သည့် ကနှင့်အ အဆုံးလုံးဖြစ်သည့် (အ-ဥ)ကို တွဲဖက်ထားသောကြောင့် မန္တလေးမြို့ကြီးသည် နယ်နိမိတ်အစမှ အဆုံးထိ စဉ်ဆက်မပြတ် ကောင်းကျိုးမင်္ဂလာအဖြာဖြာတို့ဖြင့် ပြည့်စုံပြီးမြောက်မည့် အတိတ်နိမိတ်ဖြစ်ကြောင်း ပြောကြားသည်ကို မှတ်တမ်းတင် ရေးသားလိုက်ရပါသည်။

**ကျော်ဇော (ရွှေဘို)**



# ရွှေသွေးတို့ ဉာဏ်ရည်ထက်မြက်

**ယုဝတီခင်ဦး**

ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်း ကလေးဆေးရုံဟောင်း၌ ကျွန်မတို့အထူးကုဆရာဝန်များ၏ နေ့စဉ်တာဝန်ချိန်က နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိဖြစ်ပါသည်။ သို့ရာတွင် ကလေးတွေ၏ အသက်ကယ်နေရသော ဆရာဝန်၊ ဆရာမများမှာ နောက်ဂျူတီဝင်မည့်သူမရောက်မချင်း ကိုယ့်တာဝန်ကိုယ်အပြီး ဆက်လက်ဆောင်ရွက်ရသည်။ တစ်ခါတစ်ရံ ဂျူတီပြီး၍ ပြန်မည့်သူသည် မပြန်နိုင်ဘဲ ဂျူတီအသစ်ဝင်သူနှင့် နှစ်ယောက်ပေါင်းပြီး ကလေးအသက်ကို သေမင်းနှင့်လုခဲ့ကြရပေါင်း မရေမတွက်နိုင်ရှိခဲ့ကြသည်။

နံနက် ၈ နာရီတွင် ကိုယ့်ရဲ့ဂျူတီချိန်စဝင်ရမည်ဖြစ်၍ နံနက် ၇ နာရီအရောက် ထိုအချိန်က ဗေါက်(စ)ဝယ်ဂင် ကားအဖြူကလေးမောင်း၍ ကိုယ့်အခန်းသို့ကိုယ်ရောက်ခဲ့ရသည်။ အကြောင်းမှာ မိသားစုစားဝတ်နေရေးကြောင့် စိတ်သိပ်မချဘဲ အိမ်ပြန်လွှတ်လိုက်ရသည့် ကလေးများ၊ အသိမိတ်ဆွေများနှင့် ဆရာဝန်များက မိမိနာမည်တပ်၍ လွှဲစာနှင့်လွှတ်လိုက်သော အရေးတကြီး ဖျားနာလာသည့် ကလေးများ၊ ထိုအချိန်က ၁၉၆၉ ခုနှစ် ပတ်ဝန်းကျင်ဖြစ်၍ သွေးလွန်တုပ်ကွေးစပေါ်ချိန်ဖြစ်ရာ ကော်ဖီရောင်အန်ပြီး အနီစက်ကွက်လာသမျှ ကလေးများသည် တန်းစီရောက်လာကြသဖြင့် မေတ္တာကရုဏာအပြည့်ဖြင့် ကြည့်ပေးခဲ့ရသည်။

သူငယ်ချင်းတစ်ဦး ခွင့်ယူသွားခဲ့သဖြင့် ကျွန်မသည် သူတာဝန်ကျရာ အခန်းပါ ယနေ့ကြည့်ရှုပေးရမည်ဖြစ်သဖြင့် ရိုးရိုးအဖျားရှိသည့် ကလေးများကို ပြင်ပလူနာဌာနမှ ဆရာဝန်ကြီးများထံ ပြန်လွှဲအပ်ပြီး ၈ နာရီထိုးသည်နှင့် ကိုယ့်အခန်းထဲက ကလေးတွေကို ကြည့်ပေးရတော့သည်။

"ဒေါက်တာကြီးလာပြီဟေ့"ကလေးခုတင်ပေါ်တက်ထိုင်ရာမှ ကမန်းကတန်းခုန်ဆင်းပြီး မျက်နှာချိုသွေး၍ စောင့်နေကြသည့် ဆေးရုံဆင်းရမည့် မိခင်များ၊ အဖျားမကျသေးသည့် ကလေးများ၏ မိခင်များမှာ ကျွန်မကိုလည်ပင်းတစ်တောင်ဆန့်၍ မျှော်နေကြရာ ကျွန်မကိုမြင်သည်နှင့် အားကိုးအားထားသော အမူအရာများနှင့် ကြည့်နေကြရှာသည်။

ကျွန်မသည် မိခင်များနှင့် ကလေးများကိုပြုံးရယ်၍ တစ်ဦးချင်းနှုတ်ဆက်လိုက်သည်။ ဆေးမကုရသေးမီ ဆရာဝန်၏ အပြုံးပန်းတစ်ချက်သည် မိဘဆွေမျိုးကလေးများအတွက် အားဆေးတစ်ခွက်ပင်ဖြစ်ပါသည်ဟု ယုံကြည်ပါသည်။ ကျွန်မသည် မိခင်တွေမမေးခင် မိခင်တွေမေးချင် သိချင်နေသည့် အချက်များကို ကြိုတင်သိနှင့်ထားပြီးဖြစ်ရာ စိတ်ရှည်လက်ရှည် ရှင်းပြတတ်သည်။ ကလေးများကို စမ်းသပ်ရင်း ကျန်းမာရေးပညာပေးတရားများ နားလည်အောင် ပြောပြတတ်သည်မှာ အကျင့်ဖြစ်၍နေလေသည်။

"ဒီကလေး နေ့စဉ် ဆီးစစ်ရတယ်၊ သွေးတိုင်းရတယ်၊ ကျောက်ကပ်ရောဂါဖြစ်နေတော့ အငန်နဲ့မတည့်ဘူး၊ ဆော်ဒါပါတဲ့မုန့်တွေနဲ့လည်း မတည့်ဘူး၊ အခုတော့ ဆန်ပြုတ်ကလေးပဲ သောက်ထားဦးနော်"

ကလေးတွေ၏ ခုတင်ခြေရင်းတွင် တန်းစီနေသော ဆီးပုလင်းများကို ငုံ့ကြည့်ပြီး ဆရာမစစ်ထားသော ဖန်ပြွန်ချောင်းထဲမှ ဆီးအဖြူအနှစ်ရောင်များ၊ အုန်းရည်ရောင်များ၊ ဆပ်ပြာရည်အရောင်များကို တစ်ခုပြီးတစ်ခု ယူကြည့်ကာ ရောဂါအခြေအနေများ ကြည့်ရသည်။ အလုပ်သင်ဆရာဝန်များ စမ်းထားသော သွေးပေါင်ချိန်စာရင်းများကို လှန်ကြည့်ရင်း မိခင်များအား အားပေးရသည်။ အခန်းထဲမှ ထွက်ခါနီး ကလေးများကိုလည်း ပြုံးပြ၍အခန်းထဲမှ ထွက်လာခဲ့ရသည်။

နောက်တစ်ခန်းသို့ရောက်လျှင် ကျွန်မတို့သည် ဖိနပ်အဟောင်းကိုချွတ် အသစ်ကိုစီး၍အပေါ်အကျီအဖြူ (GOWN) ခေါင်းကိုဝတ်၊ မျက်နှာဖုံးကိုစွပ်၊ လက်ကိုတံတောင်ဆစ်အထိ ဆပ်ပြာဖြင့်ဆေးပြီး သူငယ်ချင်း၏အခန်းသို့ ကူးလာခဲ့ရာ ရက်သားကလေးများသည် နီယွန်မီးရောင် အပြာရောင်အောက်ရှိ ခုတင်ကလေးများပေါ်တွင် ကိုယ်တုံးလုံးကလေးများ စီလျက်ရှိကြသည်။ အဝါဆိပ်များကို နီယွန်မီးရောင်နှင့် ထပ်မတိုးအောင် တားထားခြင်းဖြစ်သည်။ ကလေးခြေဖနောင့်မှ သွေးဖောက်ကာ အဝါဆိပ်များတက်မတက် စမ်းသပ်ထားသည့် မှတ်တမ်းကို ဆရာမကပြသည်။ ဘေဘီမအေးမြင့်ခေါ် ရက်သားကလေးသည် အတော်ဝါနေသည်ကို တွေ့ရသည်။

"ရက်သားကလေးတွေမှာ ဘာလို့အသားဝါရောဂါဖြစ်ရတာလဲ"ဟု အလုပ်သင်ဆရာဝန်တစ်ဦးကို လှမ်းမေးလိုက်ရာ. . .

"မွေးပြီးစ နှစ်ရက်သုံးရက်အထိ ကလေးရဲ့အသည်းထဲက (ENZYME) အင်ဇိုင်းဓာတ်က သိပ်မထွက်သေးလို့ သွေးထဲမှာ ဘီလီရူဘင်တွေများပြီး အသားခဏဝါလာတာဖြစ်ပါတယ်။ နောက်တစ်ပတ်ဆိုရင် သူ့အလိုလိုပျောက်သွားမှာပါ။

နောက်တစ်ခုကတော့ (Rh)အာအိပ်(ချ်)သွေးအနုတ်လက္ခဏာရှိတဲ့ အမေက (Rh)အပေါင်းလက္ခဏာသွေးရှိတဲ့ ကလေးမွေးလာတဲ့အခါမှာ သွေးချင်းမတည့်လို့ ဘီလီရူဘင်တွေများပြီး ဝါလာတာဖြစ်ပါတယ်။ ဒီအာအိပ်(ချ်) သွေးမတည့်တာကတော့ အနောက်နိုင်ငံတွေမှာ အများဆုံးဖြစ်ပါတယ်။

နောက်တစ်ခုကလည်း လမစေ့၊ ပေါင်မပြည့်တဲ့ ကလေးတွေမှာအသားဝါရောဂါဖြစ်တယ်။

နောက်တစ်မျိုးကတော့ အမေရဲ့သွေးက (အို)သွေး၊ ကလေးရဲ့ သွေးက (အေ)သို့မဟုတ်(ဘီ)ဖြစ်ခဲ့ရင် သွေးချင်းမတည့်တဲ့ အင်ဒါရိုက်ဘီလီရူဘင်တွေ အများကြီးဖြစ်လို့ ဝါလာပါတယ်။

နောက်တစ်ခုကတော့ ကလေးချက် အနာဖြစ်တာတို့၊ ကလေးမှာ အဖျားအနာတို့ ရှိနေရင်လည်း အင်ဒါရိုက်ဘီလီရူဘင်တွေရှိလာပြီး အသားဝါလာတာပါ. . ."

ကျွန်မသည် အင်္ဂလိပ်လိုပြန်ဖြေနေသော အလုပ်သင်ဆရာဝန်ကို သဘောကျ၍ ချီးမွမ်းလိုက်သည်။

"အေး မင်းတော်တယ်၊ ဝါတဲ့အကြောင်းတွေကတော့ အများကြီးပဲ၊ အရေးကြီးဆုံးကတော့ အင်ဒါရိုက်ဘီလီရူဘင်တွေ ဦးနှောက်ထဲရောက်သွားရင် ကလေးက ခါးကော့တက်ပြီး ဦးနှောက်ပျက်သွားတယ်၊ အသက်လည်းဆုံးရှုံးနိုင်တယ်၊ အဲဒီလိုမဖြစ်ရအောင် အမြန်ဆုံးကာကွယ်ကုသပေးဖို့ အရေးကြီးဆုံးပဲ၊ လာ. . . လာ ကလေးတွေသွားကြည့်ရအောင်. . ."

ဘေဘီမအေးမြင့် ရက်သားကလေးသည် အဝါဆိပ်များထိပ်ဆုံးသို့ရောက်နေရာ ကျွန်မတို့သည် အချိန်မစောင့်နိုင်ဘဲ ခွဲစိတ်ခန်းထဲတွင် ချက်ထဲရှိ သွေးပြန်ကြောထဲသို့ ပိုက်ထည့်၍ သွေးအဆိပ်များကို စုပ်ထုတ်ပြီးသွေးသန့်ပြန်သွင်းသည့် (EXCHANGE TRANSFUSION) သွေးဟောင်းထုတ် သွေးသစ်သွင်းသည့်ကုသနည်းဖြင့် အမြန်ဆုံးကုသပေးရတော့သည်။

ဤသို့ဖြင့် ကျွန်မတို့အဖွဲ့သည် ကလေးချက်၏ သွေးပြန်ကြောထဲတွင် ပိုက်အသေးထည့်၍ ဖန်သားဆေးထိုးပြွန်ကို တပ်ပြီး သွေးများထုတ်လိုက်၊ သွေးသစ်ပြန်သွင်းလိုက်နှင့် သွေးတစ်ပုလင်းခန့်ပေးနေရစဉ် အနီးမှဆရာဝန်တစ်ဦးက ကလေး၏နှလုံးကို နားကြပ်ဖြင့် ခဏနားထောင်ပြီးသွေးခုန်နှုန်းအမြဲစမ်းနေရသည်။ ကလေးပြာလာလျှင် အကြောထဲသို့ ဆေးသွင်းကြရသည်။

သွေးထုတ်ရင်း ကယ်လ်စီယမ်ဓာတ်များ လျော့နည်းပြီး ကလေးတက်သွားမည်စိုး၍ ကယ်လ်စီယမ်ဓာတ်များလည်း သွင်းရသည်။ ကလေးအသက်ရှူပုံကို မမိုတ်မသုန်ကြည့်ရင်း အောက်ဆီဂျင်ပေးရ၊ စိတ်ထဲမှာ ဘုရားရှိခိုးဆုတောင်းရနှင့် ကလေး၏ မျက်နှာနီရဲပြီး အခြေအနေကောင်းလာမှ ကျွန်မတို့အားလုံး ပြုံးရွှင်ကြရသည်။ ထမင်းစားဖို့ကိုလည်းမေ့သည်၊ ကလေးအသက်ရှင်လာဖို့သာလျှင် ဦးနှောက်နှင့်နှလုံးသားက လှုပ်ရှားနေကြ၍ ကိုယ့်ကိုယ်ကိုယ်လည်း မေ့နေမိပါသည်။

ဘေဘီမစန်းမြင့်မှာ ရက်သားကလေးဖြစ်၍ အမည်မမှည့်သေးပါ၊ ကျွန်မတို့ကပင် အမေကမအေးမြင့်၊ အဖေက ဦးကျော်ဖြစ်ပြီး ကြာသပတေးသားကလေးဖြစ်၍ သူ့အားမောင်မျိုးမြင့်ကျော်ဟု မှည့်ခေါ်လိုက်ကြသည်။ ကျွန်မတို့သည် ကလေး၏ချက်မှအဆိပ်ထုတ်ပြီးသည့်အလုပ်အောင်မြင်ပြီးသော်လည်း တစ်ရက်နှစ်ရက်သုံးရက်အထိ ရင်တမမဖြင့် ကြည့်နေရလေသည်။ ဆေးရုံကဆင်းသောအခါတွင်လည်း တစ်ပတ်တစ်ခါ၊ နှစ်ပတ်တစ်ခါ၊ တစ်လတစ်ခါ အမြဲခေါ်၍ကြည့်ရှုစစ်ဆေးစမ်းသပ်ရပါသည်။

အရေးကြီးဆုံး စမ်းသပ်ရသည်မှာ နဂိုကလေးများကဲ့သို့ မိခင်ကစကားပြောလျှင် မျိုးမြင့်ကျော်သည် စူးစိုက်ကြည့်နေတတ်ရဲ့လား. . .၊ တစ်လခွဲလောက်အကြာတွင် မိခင်က စကားပြောလျှင် ပြုံးလာတတ်ရဲ့လား. . .၊ အသက်နှစ်လ၊ သုံးလအရွယ်တွင် ခုတင်ပေါ်မှာဆွဲထားသော အရုပ်ကလေးများကို လိုက်ကြည့်တတ်ရဲ့လား.၊ လေးလအရွယ်တွင် အသံကြားရာလှည့်ကြည့်တတ်ရဲ့လား. . .၊ (အကယ်၍ နားမကြားလျှင် စကားမပြောတတ်သည့် ကလေးဖြစ်မှာ စိုးရိမ်ပူပန်ကြရသည်)၊ ခြောက်လ၊ ခုနစ်လတွင် ထိုင်တတ်ပြီလား. . .၊ လူငုတ်တုတ် သွားငုတ်တုတ်ဖြစ်ပြီလား. . .၊ ခုနစ်လရှစ်လတွင် ဒါ. . . ဒါ. . . ဗါ. . . ဗါ. . . နှင့် လျှာထုတ်တတ်ရဲ့လား. . .၊ တစ်နှစ်တွင် လမ်းလျှောက်ပြီး ဖေဖေ မေမေခေါ်တတ်ပြီလား. . . စသည်ဖြင့် လားပေါင်းများစွာ မျိုးမြင့်ကျော်ကို တစ်နှစ်သားအထိ စစ်ဆေးကြည့်ရှုရာ ကလေးသည် သွက်လက်ရွှင်မြူးပြီး ဉာဏ်ရည်ဉာဏ်သွေးကောင်းနေသည်ကို တွေ့ရတော့မှ ကလေးငယ်၏ ရှေ့ရေးအတွက်စိတ်ချကာ ပျော်ရွှင်ရတော့သည်။

"မအေးမြင့်ရေ. . . ကာကွယ်ဆေးတွေ အချိန်မှန်ထိုး၊ အချိန်မှန်တိုက်နော်၊ လူကြီးစားသလို အာဟာရဖြစ်အောင် အစားကောင်းကောင်းကျွေးပါ၊ ကလေးကခန္ဓာကိုယ်လည်းဖြိုး၊ ဉာဏ်ရည်လည်းမီလို့ ကျွန်မတို့သိပ်ဝမ်းသာကြတယ်၊ ကျွန်မတို့ အသက်ကယ်ရကျိုးနပ်ပြီနော်"

ဤသို့ဖြင့် မွေးကင်းစကလေးများရက်သားကလေးများကို အသားဝါ၍ သွေးဆိပ် များထုတ်ပြီး သွေးသန့်များသွင်းပေးရသည့် ကလေးများကို ဒပ်ဖရင်ဆေးရုံ(ခေါ်)ဗဟိုအမျိုးသမီးဆေးရုံမှ ဆရာဝန်၊ ဆရာမများကလည်း ၂၄ နာရီ အတောအတွင်း အချိန်မရွေး ကုသပေးခဲ့ကြ. . . ပေးနေကြပါသည်။

ကျွန်မသည် မျိုးမြင့်ကျော်ကို သွေးလဲသည့်နေ့က အိမ်ပြန်၍ နေ့လယ်စာ မစားတော့ဘဲ ကျွန်မတို့သွေးသွင်းသည့်အဖွဲ့ကို ထမင်းကျွေးပြီး မကြည့်ရသေးသော ကလေးများ၏အခန်းကို ဆက်လက်ကြည့်ရှုကုသပေးခဲ့ပါသည်။ မျိုးမြင့်ကျော်သည် ယခုအခါ အသက်(၄၀)ရှိပြီး ကုမ္ပဏီကြီးတစ်ခုတွင် မန်နေဂျာတစ်ဦးဖြစ်နေသည်ဟု သိရပါသည်။

ဤကဲ့သို့ မွေးကင်းစနှင့် ရက်သားများ၏ အသားဝါရောဂါပေါင်း မြောက်မြားစွာကို ကျွန်မနှင့်အတူ ရောင်းရင်းဆရာဝန်များသည် မေတ္တာ၊ ကရုဏာ၊ စေတနာ၊ ဝါသနာနှင့် ကုသပေးခဲ့ကြပါသည်။ ကလေးငယ်များကို ကာယဉာဏစွမ်းအားဖွံ့ဖြိုးတိုးတက်ရန် ယခုမျက်မှောက်ခေတ် မျိုးဆက်သစ်ဆရာဝန်များသည် ကျွန်မတို့ကဲ့သို့ပင် မေတ္တာ၊ ကရုဏာ၊ စေတနာ၊ ဝါသနာနှင့် မြင့်မြတ်သောစိတ်ထားများဖြင့် မိမိတို့တာဝန်များကို ပခုံး ပြောင်းလွှဲယူ၍ ထမ်းဆောင်ကြမည်ဟု ယုံကြည်မိပါသတည်း။ ။

**မွေးကင်းစကလေးများ ရက်သားကလေးများကို အသားဝါ၍ သွေးဆိပ်များထုတ်ပြီး သွေးသန့်များသွင်းပေးရသည့် ကလေးများကို ဒပ်ဖရင်ဆေးရုံ(ခေါ်)ဗဟိုအမျိုးသမီး ဆေးရုံမှ ဆရာဝန်၊ ဆရာမများကလည်း ၂၄ နာရီ အတောအတွင်း အချိန်မရွေး ကုသပေးခဲ့ကြ. . .ပေးနေကြပါသည်။**










# စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် အစိုးရဌာနများ၏ ဖွဲ့စည်းစီမံလုပ်ကိုင်မှုပြုပြင်ပြောင်းလဲရေးဆိုင်ရာ ပညာပေးဆွေးနွေး

နေပြည်တော် မေ ၂၉

**မြန်မာနိုင်ငံသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘက်စုံဆောင်ရွက်လျက်ရှိရာတွင် ဒီမိုကရေစီစနစ်ကို နိုင်ငံရေးအရ ထူထောင်သည့်နည်းတူ တစ်ဖက်ကလည်း ဒီမိုကရေစီ၏ လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် အစိုးရဌာနများ၏ ဖွဲ့စည်းစီမံလုပ်ကိုင်မှုပြုပြင်ပြောင်းလဲရေးဆိုင်ရာ ပညာပေးဆွေးနွေးပွဲတွင် ပြောကြားသည်။**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက အချို့သော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ အခြေအနေသည် လုပ်ငန်းစွမ်းဆောင်ရည် ကျဆင်းနေခြင်း၊ ဈေးကွက်တွင် မယှဉ်ပြိုင်နိုင်ခြင်း၊ နည်းပညာနိမ့်ကျခြင်း၊ အရင်းအနှီး လိုအပ်ချက်များရှိခြင်း စသည့် အချက်များကြောင့် ပုံသဏ္ဌာန် အရပြုပြင်ပြောင်းလဲရန် လိုအပ်လျက်ရှိပါကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။

ဆွေးနွေးပွဲတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ဘတ်ဂျက်လိုငွေလျှော့နည်းရေး ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် ဌာနများ၏ ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးသို့ တင်ပြနိုင်ရေး ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့ပြင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက ဘုတ်ကော်ပိုရေးရှင်း ပြင်ဆင်ဖွဲ့စည်းရာတွင် လိုအပ်သည့် ဥပဒေဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပညာရှင်များဖြစ်ကြသည့် ဒေါက်တာအောင်ထွန်းသက်၊ ဒေါက်တာဇော်ဦး၊ ဦးတင်မောင်သန်းနှင့် ဒေါက်တာငွန်ကျုံးလျန်တို့က စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် အစိုးရဌာနများ၏ ဖွဲ့စည်းစီမံ လုပ်ကိုင်မှုပြုပြင်ပြောင်းလဲရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြရာ ဝန်ကြီးဌာနကိုယ်စားလှယ်များက မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များနှင့် ဝန်ကြီးဌာနများအလိုက် ပြုပြင်ပြောင်းလဲဆောင်ရွက်သင့်သည့် အချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။**(အပေါ်ပုံ)**

ယနေ့ ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ဒေါက်တာအောင်ထွန်းသက်က "ဒီနေ့ဆွေးနွေးပွဲက စီးပွားရေးအုပ်ချုပ်ရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုမှာ ပဓာနကျတဲ့ နိုင်ငံတော်ပိုင်လုပ်ငန်း၊ ပြည်သူပိုင်လုပ်ငန်းတွေကို ဘယ်ပုံဘယ်နည်းရွှေ့ဖို့ ဆွေးနွေးကြတာပါ။ ပုံစံရွှေ့ဖို့ဆိုတဲ့ကိစ္စမှာ မဟာဗျူဟာအနေနဲ့ စဉ်းစားရင်အချို့ နိုင်ငံပိုင်လုပ်ငန်းတွေကို လုံးဝ ပုဂ္ဂလိကပိုင်ဖြစ်အောင် လုပ်လို့ရတယ်။ အချို့တွေကျတော့ နိုင်ငံတော်ရဲ့ အရေးပါမှုကြောင့် နိုင်ငံတော်အပိုင်းမှာပဲထားလို့ရတယ်။ ပြီးတော့အချို့ကျတော့လည်း နိုင်ငံတော်အပိုင်းချည်းပဲလည်းမဟုတ်ဘူး၊ ပုဂ္ဂလိကအပိုင်းချည်းပဲလည်း မဟုတ်ဘဲနဲ့နိုင်ငံတော်အဖွဲ့အစည်းတွေကို စီးပွားရေးဆန်ဆန်လုပ်ခွင့်ပေးတဲ့ Corporaization ပေါ့နော်။ မြန်မာပြည်မှာတော့ ကော်ပိုရေးရှင်းလို့ပြောတာပေါ့။ အဲဒီ ကိစ္စကို အဓိကဆွေးနွေးကြဖို့ ဖြစ်ပါတယ်။

အဲဒီတော့ ဒီလုပ်ငန်းတွေအနေနဲ့ အထူးသဖြင့်အုပ်ချုပ်ရေးမှာ အဓိကပတ်သက်နေတဲ့ ဦးဆောင်ညွှန်ကြားရေးမှူးတွေတာဝန်ယူတဲ့ အစိတ်အပိုင်းတွေက ပိုပြီးစဉ်းစားဖို့ကောင်းတာပေါ့။ အဲဒီတော့ ညွှန်ကြားရေးမှူးချုပ်တွေဖြစ်တဲ့ ဦးစီးဌာနတွေကတော့ ပြင်လို့မရ ဘူး။ သူတို့ကတော့ အုပ်ချုပ်ရေးဆိုင်ရာပဲ အဓိကကျတယ်၊ စီးပွားရေးအပိုင်းမှာ ဥပမာ- ကုန်သွယ်ရေး အပိုင်းမှာပဲဖြစ်ဖြစ်၊ စက်မှုအပိုင်းမှာပဲဖြစ်ဖြစ် စီးပွားရေး လုပ်နေတဲ့ နိုင်ငံတော်ပိုင်အဖွဲ့အစည်းတွေဟာ ပုဂ္ဂလိကဘက်ကို သွားမလား၊ ဒါကိုပဲ ဆွေးနွေးကြတာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဆက်လက်၍ ဒေါက်တာဇော်ဦးက "ဒီဆွေးနွေးပွဲက နိုင်ငံတော်သမ္မတကြီးလမ်းညွှန်ချမှတ်ထားတဲ့ပြုပြင်ပြောင်းလဲရေးအဆင့် (၄) ဆင့်ပေါ့နော်၊ ဒီ(၄)ဆင့်ဟာ တစ်ချိန်တည်းမှာပဲ အားလုံးပါဝင်တဲ့ ပြုပြင်ပြောင်းလဲမှု အစီအစဉ်ဖြစ်လာအောင် ဆောင်ရွက်နိုင်ဖို့ပေါ့နော်၊ အဲဒီမှာအရေးပါတဲ့ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုရဲ့ အဆင့်ထဲမှာလည်း ဝန်ကြီးဌာနတွေနဲ့ အစိုးရပိုင်၊ နိုင်ငံတော်ပိုင် ကော်ပိုရေးရှင်းကြီးတွေရဲ့ အခန်းကဏ္ဍ၊ သူတို့ရဲ့ ပြုပြင်ပြောင်းလဲမှုကို ဘယ်လိုဆောင်ရွက်မလဲ ဆိုတာကို နိုင်ငံတကာအတွေ့အကြုံတွေ၊ သင်ခန်းစာတွေနဲ့ ပညာရပ်ပိုင်းဆိုင်ရာ ရှုထောင့်အသီးသီးကနေပြီးတော့ ဝိုင်းပြီး ဆွေးနွေးကြတာဖြစ်ပါတယ်။

ဒီတော့ ဒီမှာပါတဲ့ ဌာနဆိုင်ရာ အကြီးအကဲတွေကလည်း တက်တက်ကြွကြွနဲ့ ဝိုင်းဝန်းဆွေးနွေးကြတာဖြစ်တဲ့အတွက် ဒီဆွေးနွေးပွဲဟာ အင်မတန်မှအောင်မြင်တဲ့၊ နိုင်ငံတော်သမ္မတကြီးဖြစ်ချင်တဲ့၊ ပြည်သူလူထုဗဟိုပြုတဲ့ ဖွံ့ဖြိုးမှုအစီအစဉ်အောင်မြင်ရေးအတွက် အင်မတန်အရေးပါတဲ့ ခြေလှမ်းတစ်ရပ်လို့ ပြောလို့ရပါတယ်" ဟု ပြောကြားသည်။

ထို့ပြင် နိုင်ငံခြားစီးပွားရေးဆက်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်ဝါဝါမောင်က "ဒီနေ့ကျင်းပတဲ့ ဆွေးနွေးပွဲက နိုင်ငံတော်ရဲ့ ပြုပြင်ပြောင်းလဲမှုတွေနဲ့ သွားပြီးဆက်စပ်နေတာ ပေါ့နော်။ အဲဒီမှာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေ၊စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေ၊ လူမှုရေးပြုပြင်ပြောင်းလဲမှုတွေအပြင် ပုဂ္ဂလိကကဏ္ဍပြောင်းလဲမှုဆိုပြီးတော့ အားလုံးကတစ်ဆက်တစ်စပ်တည်း ဒွန်တွဲနေတယ်။ ဒီအချိန်မှာ ဒီဆွေးနွေးပွဲအနေနဲ့က ပုဂ္ဂလိက ကဏ္ဍပိုပြီးတော့ ဖွံ့ဖြိုးအောင်လို့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေရဲ့ စွမ်းဆောင်ရည်မြင့်တက်ရေးအတွက် ပုဂ္ဂလိကတွေနဲ့ ပူးပေါင်းပြီးတော့ ဘယ်လိုဆောင်ရွက်မလဲ၊အရှုံးပေါ်နေတဲ့ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းတွေရဲ့ စွမ်းဆောင်ရည်ရယ်၊ အမြတ်ရယ် သူတို့ရဲ့စီမံခန့်ခွဲမှုအပိုင်းမှာ ဘယ်လိုစွမ်းဆောင်ရည်တက်အောင် လုပ်မလဲဆိုတာတွေပေါ့။ အဲဒီအပိုင်းတွေကို ဒီနေ့ဆွေးနွေးပွဲမှာ အဓိကဆွေးနွေးကြတာ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံဆရာဝန်ညီလာခံအတွက် ဆေးကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမည်

**နေပြည်တော် မေ ၂၉**

အကြိမ်(၆၀)မြောက် မြန်မာနိုင်ငံ ဆရာဝန်ဖြစ်မြောက်ရေးကော်မတီသည် ဆေးနှင့်ဆေးပစ္စည်းကိုယ်စားလှယ်များအား ဇွန် ၁ ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်များအသင်းခန်းမဆောင် (ဘီ) ၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်သဖြင့် ဆေးကိုယ်စားလှယ်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (သတင်းစဉ်)

# (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲပိတ်ပွဲအခမ်းအနားတွင် ပါဝင်ဆောင်ရွက်မည့် အခမ်းအနားမှူးနှင့် အစီအစဉ်တင်ဆက်သူ Volunteer များ ဖိတ်ခေါ်ခြင်း

၁။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ၁၁-၁၂-၂၀၁၃ ရက်တွင်လည်းကောင်း၊ ပိတ်ပွဲအခမ်းအနားကို ၂၂-၁၂-၂၀၁၃ ရက်တွင်လည်းကောင်း နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပဆောင်ရွက်သွားမည်ဖြစ်၍ အဆိုပါအခမ်းအနားများတွင် အစီအစဉ်ကြေညာသူ (Announcer)အတွက် ကျား နှစ်ဦး၊ မနှစ်ဦးနှင့် အစီအစဉ်တင်ဆက်သူ (Presenter)အတွက် ကျားနှစ်ဦး၊ မနှစ်ဦး လိုအပ်ပြီး ပါဝင်ဆောင်ရွက်လိုသော Volunteer များသည် အောက်ပါသတ်မှတ်အရည်အချင်းများနှင့်အတူ လျှောက်ထားနိုင်ပါသည်-

(က) မြန်မာတိုင်းရင်းသား/သူ ဖြစ်ရမည်။
(ခ) ရုပ်ရည်ပြေပြစ်ချောမောသူ လူပျို၊ အပျိုဖြစ်ရမည်။
(ဂ) ခန္ဓာကိုယ်အချိုးအစား ပြေပြစ်သူဖြစ်ရမည်။
(ဃ) အမျိုးသား အရပ် ၅ ပေ ၇ လက်မခန့်၊ အမျိုးသမီး အရပ် ၅ ပေ ၄ လက်မခန့် ရှိရမည်။
(င) အသက် (၁၉)နှစ်မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။ (အရည်အချင်း ထူးချွန်သူများအတွက်အသက်အတိုး၊ အလျှော့ ထည့်သွင်းစဉ်းစားမည်။)
(စ) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။
(ဆ) အင်္ဂလိပ်စာကျွမ်းကျင်မှု ပဏာမစစ်ဆေးရန် သတ်မှတ်ပေးထားသော အင်္ဂလိပ်စာပိုဒ်ဖတ်ကြားမှု၊ သရုပ်ဆောင်မှုတို့ကို မိမိ၏ ရုပ်၊ အသံ၊ DVD ရိုက်ကူးထားသည့် CD နှင့်တကွ တင်ပြနိုင်ရမည်။
(ဇ) အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုကို အဓိကစစ်ဆေးမည်ဖြစ်၍ ထူးချွန်သူများကို ပညာအရည်အချင်း လျှော့ပေါ့စဉ်းစားပေးမည်။
(ဈ) မြန်မာဆန်သော အသားအရောင်ရှိရမည်။
(ည) ဆံပင်အနက်ရောင်ဖြစ်ရမည်။
(ဋ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းကို သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံချက်ပါရှိရမည်။
(ဌ) ရွေးချယ်ခြင်းခံရပါက ဝန်ကြီးဌာနမှ စခန်းသွင်းလေ့ကျင့်မှုအတွက် ကုန်ကျစရိတ်ကို ကျခံပေးမည်။
(ဍ) အစိုးရဝန်ထမ်းများ လျှောက်ထားလိုပါက - မိမိတို့သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုအမိန့်စာပါရှိရမည်။
(ဎ) ရွေးချယ်ခံရခြင်းမရှိသူများကို အကြောင်းပြန်ပေးမည်မဟုတ်ပါ။

၂။ လျှောက်လွှာပုံစံများကို ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီရုံး၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၅) နေပြည်တော်တွင်လည်းကောင်း၊ ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် ညွှန်ကြားရေးမှူးရုံးတွင်လည်းကောင်း၊ မန္တလေးမြို့ရှိ အမျိုးသားဇာတ်ရုံ ညွှန်ကြားရေးမှူးရုံးတို့တွင်လည်းကောင်း တစ်စောင်လျှင် ကျပ် ၁၀၀၀ နှုန်း (ကျပ်တစ်ထောင်တိတိ)ဖြင့် ၁-၆-၂၀၁၃ ရက်မှစတင်ရောင်းချမည်ဖြစ်ပြီး လျှောက်လွှာလက်ခံမည့်နောက်ဆုံးရက်မှာ ၃၀-၆-၂၀၁၃ ရက်ဖြစ်သည်။

၃။ အသေးစိတ်စုံစမ်းသိရှိလိုပါက ဖုန်း - ၀၆၇-၄၀၈၀၃၂၊ ၀၆၇-၄၀၈၃၈၄၊ ၀၁-၃၉၅၁၉၀ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် |
|---|---|---|
| ၁ | ၂ | ၃ |
| ၁။ | နေပြည်တော် | နေပြည်တော်ကောင်စီစာရင်းစစ်ရုံး(၇၀'×၅၁'×၁၂') RC (၂)ထပ် သွပ်မိုး ကွန်ကရစ်ကြမ်းခင်း(၂၀'×၁၅'×၁၀') ဆင်ဝင် ရေ၊ မီး၊ မိလ္လာ၊ ခြံစည်းရိုးအပါအဝင် ဆောက်လုပ်ခြင်း၊ |
| ၂။ | နေပြည်တော် | ရေဂါလန် (၁၃၅၀၀)ဆံ့ Ground Tank (၁)လုံး၊ Pump House (၁)လုံး ဆောက်လုပ်ခြင်းနှင့် ရေမော်တာ(၄)လုံးဖြင့် ရေပိုက်လိုင်းသွယ်တန်းခြင်း၊ |
| ၃။ | နေပြည်တော် | သင်တန်းတိုးချဲ့ဆောင်နှင့် သင်တန်းသူအဆောင်များအတွက် မြေကာနံရံ တည်ဆောက်ခြင်း(၈၃၆'-၆")၊ |
| ၄။ | နေပြည်တော် | သင်တန်းသူအဆောင်များတွင် ဝရန်တာသံပန်းနှင့် ပြတင်းပေါက်သံပန်းများ ပြုလုပ်တပ်ဆင်ခြင်း (၇၈၀ စတုရန်းပေ)၊ |
| ၅။ | နေပြည်တော် | သင်တန်းသူအဆောင်များတွင် ခြံစည်းရိုးကာရံခြင်း (Chain Link) (၆၇၃'×၈')၊ |
| ၆။ | နေပြည်တော် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆောက်အအုံအား ဆေးပြန်လည်သုတ်ခြင်း (ဧရိယာရေဆေး ၃၆၁၂၀၈. ၀၈ စတုရန်းပေ၊ ဆီဆေး ၂၄၉၆၂. ၃၁ စတုရန်းပေ) (၂)ထပ်၊ |
| ၇။ | ရန်ကုန် | မြန်မာနိုင်ငံစာရင်းကောင်စီရုံးခန်းများ အဆင့်မြင့်မွမ်းမံခြင်း (၉၆'×၄၈')၊ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၁-၆-၂၀၁၃ ရက်မှ ၁၄-၈-၂၀၁၃ ရက်ထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပြီး ၁၆-၈-၂၀၁၃ ရက်တွင် လျှောက်လွှာများအား လက်ခံခြင်းနှင့် အိတ်ဖွင့်တင်ဒါ ဖွင့်ဖောက်ကြေညာခြင်းအား (၁)ရက်တည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

# အာဆီယံတိုင်းရင်းဆေးနှင့် ကျန်းမာရေးအထောက်အကူပြုဆေးပစ္စည်းဆိုင်ရာ စံနှင့်အရည်အသွေးအတိုင်ပင်ခံကော်မတီအစည်းအဝေး ပုဂံမြို့၌ကျင်းပမည်

**နေပြည်တော် မေ ၂၉**

(၁၉)ကြိမ်မြောက် အာဆီယံတိုင်းရင်းဆေးနှင့် ကျန်းမာရေးအထောက်အကူပြု ဆေးပစ္စည်းဆိုင်ရာ စံနှင့်အရည်အသွေးအတိုင်ပင်ခံကော်မတီအစည်းအဝေးကျင်းပရေးဦးစီးကော်မတီ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီးဒေါက်တာဝင်းမြင့်က မြန်မာနိုင်ငံတွင်(၁၉)ကြိမ်မြောက် အာဆီယံတိုင်းရင်းဆေးနှင့်ကျန်းမာရေးအထောက်အကူပြု ဆေးပစ္စည်းဆိုင်ရာ စံနှင့်အရည်အသွေးအတိုင်ပင်ခံ ကော်မတီအစည်းအဝေးကို ပုဂံမြို့၌ ကျင်းပမည်ဖြစ်ပြီး အုပ်ချုပ်မှုနှင့် လုပ်ငန်းများ ဟာကွက်မရှိ ဆက်စပ်ပူးပေါင်းဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းကူညီဆွေးနွေးကြစေလိုကြောင်း။

အစည်းအဝေးကျင်းပရခြင်းမှာ မြန်မာနိုင်ငံ၏ တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သိရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် ယင်းအစည်းအဝေး ကျင်းပခြင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာအတွက် အလေးထားလုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်၍မရသည့်လုပ်ငန်းဖြစ်သဖြင့် ဝန်ကြီးဌာနအသီးသီးမှ ပါဝင်ကူညီဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်းပြောကြားသည်။

ထို့နောက် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးက အစည်းအဝေးနှင့် ပတ်သက်သည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များက ဌာနအလိုက် ဆောင်ရွက်မည့် လုပ်ငန်းလိုအပ်ချက်များကို အကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ့တိုင်းရင်းဆေး တိမ်ကောပပျောက်မသွားစေရန် တိုင်းရင်းဆေးပညာရှင်များ၊ တိုင်းရင်းဆေးသုတေသီများ ကြိုးပမ်းဖော်ထုတ်နေ

**သတင်းဆောင်းပါး-ဓာတ်ပုံ**
**ငွေနိုင်(ကြေးမုံ)**

**မြန်မာ့တိုင်းရင်းဆေး ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် တိုင်းရင်းဆေးပညာအခန်းကဏ္ဍကို အားပေးမြှင့်တင်လျက်ရှိသည်။ မြန်မာ့တိုင်းရင်းဆေး တိမ်ကောပပျောက်မသွားစေရန်အတွက် တိုင်းရင်းဆေးပညာရှင်များ၊ တိုင်းရင်းဆေးသုတေသီများ အဖွဲ့အလိုက်၊ တစ်ဦးချင်းအလိုက် သုတေသနပြုကြိုးပမ်း ဖော်ထုတ်နေကြသည်ကို မေ ၂၇ ရက်၊ ၂၈ ရက်က မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်တွင်ကျင်းပသော စတုတ္ထအကြိမ် တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲတွင် တွေ့မြင်ခဲ့ရသည်။**



**ဒေါက်တာ
သန်းမောင်
ပါမောက္ခချုပ်
မန္တလေး
တိုင်းရင်းဆေး
တက္ကသိုလ်**

မြန်မာ့တိုင်းရင်းဆေးပညာရှင်များ ပေါ်ထွန်းလာစေရန်အတွက် အခြေခံအဆောက်အအုံဖြစ်သော မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်ကြီးကိုလည်း တည်ဆောက်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ နှစ်စဉ်တိုင်းရင်းဆေးပညာရှင် ၁၀၀ ကျော် မွေးထုတ်ပေးလျက်ရှိကြောင်း သိရှိခဲ့ရသည်။

မန္တလေးတိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းမောင်က "ဒီတိုင်းရင်းဆေးတက္ကသိုလ်ကြီးဟာ တိုင်းရင်းဆေးပညာရှင်တွေ မွေးထုတ်ပေးတဲ့ ဌာနကြီးဖြစ်ပါတယ်၊ ဘယ်ပညာရပ်မဆို ပညာရပ်တိုင်းမှာ သုတေသနရှိမှ ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်၊ ဒီတက္ကသိုလ်ကြီးမှာ သင်ကြားမှုပိုင်းအပြင် သုတေသနစိုက်ခင်းထူထောင်ပြီးတော့ လက်တွေ့ သုတေသနပြု ဆောင်ရွက်နိုင်အောင် ထားရှိပေးထားပါတယ်၊ ဒီတိုင်းရင်းဆေးတက္ကသိုလ်မှာ အခုလိုသုတေသနစာတမ်းဖတ်ပွဲတွေ ကျင်းပပေးတဲ့အတွက်လည်း ကျောင်းသူကျောင်းသားတွေအတွက် အသိပညာ၊ ဗဟုသုတတွေ ပိုမိုရရှိစေပါတယ်"ဟု ပြောကြားသွားခဲ့သည်။

စာတမ်းဖတ်ပွဲတွင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ပညာရှင်များ၊ ဆေးသုတေသနဦးစီးဌာနမှ ပညာရှင်များ၊ တိုင်းရင်းဆေးဆရာများ၊ တိုင်းရင်းဆေးတက္ကသိုလ်မှ ဆရာဆရာမများနှင့် အခြားတိုင်းရင်းဆေးနှင့် နှီးနွှယ်ပတ်သက်သူများက စာတမ်းများ ဖတ်ကြားခြင်း၊ တတ်ရောက်လာသူများက မေးမြန်းဆွေးနွေးခြင်း၊ တိုင်းရင်းဆေး ကောင်စီဝင်များက ဆွေးနွေးအကြံပြုခြင်းတို့ကို အပြန်အလှန် ဆောင်ရွက်နေကြရာ တက်ရောက်လာကြသူများအတွက် ဗဟုသုတစုံလင်စွာ ရရှိသော စာတမ်းဖတ်ပွဲပင်ဖြစ်သည်။

မိမိတို့သတင်းအဖွဲ့သည် စာတမ်းရှင်များနှင့် တက်ရောက်လာသူအချို့ကို တွေ့ဆုံ၍ မေးမြန်းခဲ့သမျှကို ဖော်ပြ လိုက်ရပါသည်။

**ဒေါက်တာစန်းစန်းမော် (ကထိက)
ရုက္ခဗေဒဌာန၊ ပြည်တက္ကသိုလ်**

ကျွန်မရဲ့ စာတမ်းအမည်က ပင်လယ်ကျောက်ပန်းအရွက်မှ အဖျားရောဂါ လျော့ကျစေနိုင်ကြောင်း အာနိသင် ရှိ၊ မရှိ လေ့လာခြင်းဖြစ်ပါတယ်။ ဒီရေရောက်တောနဲ့ ချောင်းဘေးမြောင်းဘေးတွေမှာ ပေါက်ရောက်တဲ့ ပင်လယ်ကျောက်ပန်းပင်ကို တိုင်းရင်းဆေးမှာအသုံးပြုမှုနည်းပါးပါတယ်။ ဒီအပင်ရဲ့ အရွက်များကို အဖျားရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ အရေပြားရောဂါနဲ့ ဆီးလမ်းကြောင်းဆိုင်ရာ ရောဂါများကို ကုသရာမှာ အသုံးဝင်ပါတယ်။ ဒါကို ကျွန်မတို့က သိပ္ပံနည်းကျ သုတေသနပြုပြီးတော့ စမ်းသပ်တဲ့အခါမှာ ပါရာစီတမော့လိုမျိုး အဖျားရောဂါကို လျော့ကျစေနိုင်တဲ့အစွမ်းသတ္တိရှိကြောင်း လေ့လာသိရှိရပါတယ်။

**ဦးခင်မောင်မောင်
တိုင်းရင်းဆေးဆရာ မကွေးမြို့**

စာတမ်းဖတ်ပွဲမှာ တင်သွင်းဖတ်ကြားသွားတဲ့ စာတမ်းများဟာ ကျွန်တော်တို့ တိုင်းရင်းဆေးဆရာတွေအတွက် အလွန်တန်ဖိုးရှိပါတယ်။ အရင်ကမသိရှိခဲ့တဲ့ တိုင်းရင်းဆေးအဖုံတွေ၊ တိုင်းရင်းဆေးအမည်တွေကို သိရှိခဲ့သလို မပြည့်စုံသေးတဲ့ စာတမ်းတွေအပေါ် ဝါရင့်ဆေးသမားတော်ကြီးများရဲ့ ဖြည့်စွက်ရှင်းလင်းချက်များဟာလည်း မှတ်သားစရာကောင်းပြီး ဗဟုသုတများလည်း တိုးပွားလာပါတယ်။ ကျွန်တော်တို့ဒေသမှာဆိုရင်လည်း ပြည်သူတွေဟာ တိုင်းရင်းဆေးကို ပိုမိုယုံကြည်ပြီးတော့ အားကိုးလာတဲ့အတွက် တိုင်းရင်းဆေးရုံတွေကို တိုးချဲ့လာခဲ့ရပါတယ်။

**ဒေါက်တာခင်ချိုချိုဦး
ရန်ကုန် တက္ကသိုလ်(ရုက္ခဗေဒဌာန)**

ကျွန်မဖတ်ကြားမယ့် စာတမ်းက ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိနဲ့ ဆီးချိုသွေးချိုကျစေတဲ့ သတ္တိရှိတဲ့တောင်ကြာကြက်သွေးပင်ကို လေ့လာခြင်း စာတမ်းဖြစ်ပါတယ်။ ပုပ္ပားသစ်တောကြိုးဝိုင်းရှိဆေးမွန်တောင်တစ်ဝိုက်မှာ ပေါက်ရောက်တဲ့ ဒီတောင်ကြာကြက်သွေးပင်မှာ ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိရှိ၊ မရှိနဲ့ ဆီးချိုသွေးချိုကျစေသလားဆိုတာကို သိပ္ပံနည်းကျသုတေသနပြု စမ်းသပ်တဲ့အခါမှာ ဒီဂုဏ်သတ္တိတွေရှိကြောင်း လေ့လာသိရှိရပါတယ်။ အရင်ကတော့ တိုင်းရင်းဆေးမှာ အားတိုးဆေးအဖြစ် အသုံးပြုပါတယ်။ ဒါကို သိပ္ပံနည်းကျ လေ့လာသုတေသနပြုထားခြင်းမရှိလို့ အခုလို သုတေသနပြုလေ့လာရခြင်း ဖြစ်ပါတယ်။

**ဒေါ်ဆွေဇင်အိ
ဒုတိုင်းရင်းဆေးမှူး
ကျိုင်းတုံခရိုင် တိုင်းရင်းဆေးကုဌာန**

ကျွန်မက ကိုယ်စားလှယ်အနေနဲ့ လာရောက်လေ့လာတာပါ။ ဖတ်ကြားသွားတဲ့ စာတမ်းတွေကို လေ့လာရတဲ့အခါမှာ ကိုယ်တိုင်သုတေသနပြု လေ့လာချင်တဲ့စိတ်တွေ ပေါ်လာတယ်။ ကိုယ့်ဒေသမှာ ပေါက်ရောက်နေတဲ့ အပင်တွေကိုလည်း တိုင်းရင်းဆေးမှာ အသုံးပြုလို့ရအောင် ဖော်ထုတ်ချင်တယ်။ တချို့ဆေးနည်းတွေဟာ ကိုယ့်ဒေသမှာ အလွယ်တကူလုပ်လို့ရတယ်။ စာတမ်းဖတ်ပွဲတွေများများ လုပ်နိုင်ရင် တိုင်းရင်းဆေးအတွက် အများကြီး အထောက်အကူပြုပါတယ်။ ပြည်နယ်၊ တိုင်းဒေသကြီးတွေက တိုင်းရင်းဆေးဆရာတွေကို များများဖတ်ကြားသင့်ပါတယ်။

**ဒေါ်မြင့်မြင့်စန်း
သစ်တောသုတေသန
သစ်တောဦးစီးဌာန**

ကျွန်မ ဒီစာတမ်းဖတ်ပွဲမှာ စာတမ်းလာဖတ်တာပါ။ ပိုစတာလည်း ပါဝင်ပါတယ်။ ကျွန်မရဲ့စာတမ်းအမည်က နတ်မတောင် အမျိုးသားဥယျာဉ်အတွင်းရှိ ဆေးဖက်ဝင်အပင်မျိုးစိတ်အချို့ရဲ့ ဆေးဖက်ဝင်ပုံကို လေ့လာခြင်းဖြစ်ပါတယ်။ နတ်မတောင် အမျိုးသားဥယျာဉ်ဟာ ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်ခရိုင်မှာ တည်ရှိပါတယ်။ ဒီအမျိုးသားဥယျာဉ်အတွင်းမှာရှိတဲ့ အပင်မျိုးစိတ်များကို စနစ်တကျ စာရင်းကောက်ယူ ကွင်းဆင်းဆောင်ရွက်ရာမှ ရရှိခဲ့တဲ့ အအေးပိုင်းတောင်ပေါ်ဒေသများရှိ ပရဆေးပင်(၂၁)မျိုးကို ဖော်ထုတ်တင်ပြထားတာပါ။ တိုင်းရင်းဆေးဖက်ဝင်အပင်ဖြစ်ကြောင်း တိုင်းရင်းဆေးဆရာများ သိရှိလေ့လာနိုင်ရန် လာရောက်တင်ပြခြင်း ဖြစ်ပါတယ်။

**ဒေါ်ဝင်းယုအောင်
နည်းပြ၊ ကလေးရောဂါပညာဌာန
တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)**

ကျွန်မတို့ တိုင်းရင်းဆေးတက္ကသိုလ်အနေနဲ့ အဓိကတိုင်းရင်းဆေးဘာသာရပ်တွေဖြစ်တဲ့ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ နက္ခတ္တနယ၊ ဝိဇ္ဇာဓရနယခေါ်တဲ့ နယကြီးလေးပါးကို စုံအောင် သင်ပေးပါတယ်။ အနောက်တိုင်းဆေးပညာကိုလည်း အခြေခံအားဖြင့် တွဲဖက်သင်ကြားပေးပါတယ်။ သုတေသနဆိုလည်း အခြေခံသင်ကြားပေးပါတယ်။ လက်ရှိလည်း ထိုင်းနိုင်ငံက ချင်းမိုင်တက္ကသိုလ်နဲ့ ပူးပေါင်းပြီးတော့ သုတေသနစာတမ်းနှစ်စောင်ပြုစုထားပါတယ်။ တိုင်းရင်းဆေးတက္ကသိုလ်က ဆရာတွေနဲ့ အထက်၊ အောက် ဆေး/သုကပညာရှင်တွေနဲ့ ပူးပေါင်းပြီးတော့လည်း သုတေသနလုပ်ငန်းတွေ လုပ်ဆောင်နေပါတယ်။ ဒီလိုစာတမ်းဖတ်ပွဲတွေကတစ်ဆင့် တိုင်းရင်းဆေး လောကသားတွေ၊ ကျောင်းသား ကျောင်းသူတွေ ဗဟုသုတ၊ အသိအမြင်တွေ တိုးပွားစေတဲ့အပြင် သုတေသနတွေ ဘယ်လိုလုပ်ရမယ် ဆိုတာသိလာရပါတယ်ဟု ပြောကြားသွားကြသည်။ ။



ဦးခင်မောင်မောင်
တိုင်းရင်းဆေးဆရာ၊ မကွေးမြို့



ဒေါ်ဆွေဇင်အိ
ဒုတိုင်းရင်းဆေးမှူး



ဒေါ်မြင့်မြင့်စန်း
သစ်တောသုတေသန



ဒေါ်ဝင်းယုအောင်
နည်းပြ၊ တိုင်းရင်းဆေးတက္ကသိုလ်



# ဘောလိဝုဒ်ကြယ်ပွင့် ရှရွတ်ခန်၏ ပခုံးခွဲစိတ်မှုအောင်မြင်စွာ ပြီးဆုံး

ဘောလိဝုဒ်စတား ရှရွတ်ခန်သည် အင်္ဂါနေ့က အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ရှိ လီလာဗာတီဆေးရုံ၌ ပခုံးခွဲစိတ်ကုသမှု ပြုလုပ်ခဲ့ပြီး ယင်းခွဲစိတ်ကုသမှုမှာ အောင်မြင်ခဲ့ကြောင်း ၎င်း၏မိသားစုဝင်များနှင့် သူငယ်ချင်းများက အတည်ပြုပြောကြားခဲ့သည်။



မင်းသား ရှရွတ်ခန်၏ အရင်းနှီးဆုံးသူငယ်ချင်းဖြစ်သူ စာရေးဆရာ Mushtaq Sheikh က ပရိသတ်များ၏ ဆုတောင်းမေတ္တာပို့သမှုများကြောင့် ခွဲစိတ်ကုသမှု အောင်မြင်စွာ ပြီးစီးခဲ့ပြီဖြစ်ကြောင်း ရှရွတ်ခန်၏ ခွဲစိတ်ကုသမှုအတွက် စိတ်ပူပေးနေကြသည့် ပရိသတ်ကြီးအတွက် ၎င်း၏တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြထားသည်။

ဘောလိဝုဒ်ကြယ်ပွင့် ရှရွတ်ခန်သည် ဒါရိုက်တာ ရိုဟစ်ရှက်တီရိုက်ကူးပြီး Om Shanti Om အချစ်ဇာတ်ကားမှ သရုပ်ဆောင် Deepika Padukone နှင့်အတူ Chennai Express အမည်ရှိ အက်ရှင်ဟာသဇာတ်ကားတွင် ပြန်လည်တွေ့မြင်ရဦးမည်ဖြစ်သည်။ ယင်းဇာတ်ကားသည် မွမ်ဘိုင်းမှ အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ မြို့လေးတစ်မြို့သို့ ရထားဖြင့်ခရီးသွားသည့် အမျိုးသားတစ်ဦး၏ ခရီးရှည်ကြီးအတွင်းဖြစ်ပျက်မှုများကို ပုံဖော်ရိုက်ကူးသည့် ဇာတ်ကားတစ်ကားဖြစ်ကြောင်း သိရသည်။

# ဂျပန်နိုင်ငံ၏ တေးစာရင်းဇယားတွင် နံပါတ်တစ်အဖြစ် ပထမဆုံးအကြိမ် ရပ်တည်ခဲ့သည့် လီမင်ဟို

၂၀၀၉ ခုနှစ်က ထွက်ရှိခဲ့သည့် F4 ဇာတ်ကားနှင့် ၂၀၁၀ ခုနှစ်ကထွက်ရှိခဲ့သည့် City Hunter ဇာတ်ကားများတွင် အမျိုးသမီးပရိသတ်များ၏ အားပေးမှုအများဆုံးရရှိခဲ့သူ တောင်ကိုရီးယားသရုပ်ဆောင် လီမင်ဟို၏ ဂီတလောကတွင် ပထမခြေလှမ်းအဖြစ် မေ ၂၇ ရက်က ထွက်ရှိခဲ့သည့် My Everything အယ်လ်ဘမ်သည် ဂျပန်နိုင်ငံ၏ Oricon Chart တွင် နံပါတ်တစ်နေရာ၌ ရပ်တည်နေသည်။

တောင်ကိုရီးယား၏ နာမည်ကြီးဂီတအဖွဲ့များဖြစ်သည့် KARA အဖွဲ့၊ TVXQအဖွဲ့နှင့်၊ BoAအဖွဲ့တို့သည် ဂျပန်နိုင်ငံ၏ Oricon Chart တွင် အကြိမ်ပေါင်းများစွာ ပါဝင်ခဲ့ကြဖူးသော်လည်း ယခုအကြိမ်သည် ပထမဆုံးအကြိမ်အဖြစ် ယင်းဇယား၏ နံပါတ်တစ်နေရာတွင် ကိုရီးယားအနုပညာရှင်များ နေရာယူလာခြင်းဖြစ်သည်။

"မြောက်မြားလှစွာသော ပရိသတ်ကြီးက လီမင်ဟိုရဲ့ အယ်လ်ဘမ်အသစ်ကို စောင့်မျှော်နေပုံရတယ်။ အယ်လ်ဘမ်အသစ်အတွက် ဘာပရိုမိုးရှင်းမှ မလုပ်ဘဲနဲ့ ဒီလောက်အောင်မြင်တာဟာ အလွန်ကိုထူးခြားတဲ့အောင်မြင်မှုတစ်ရပ်ဖြစ် ပါတယ်"ဟု ဒေသတွင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

သရုပ်ဆောင် လီမင်ဟိုသည် ၎င်း၏ဂီတဖျော်ဖြေပွဲခရီးစဉ်ကို မကြာမီ စတင်မည်ဖြစ်ပြီး နိုင်ငံအသီးသီးမှ ပရိသတ်များနှင့် တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် လီမင်ဟိုအနေဖြင့်လည်း ယင်းခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်မှုများကို စိတ်လှုပ်ရှားစွာဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် သရုပ်ဆောင်လီမင်ဟိုသည် အက်စ်ဘီအက်စ်ရုပ်သံလိုင်းမှ မကြာမီ ထုတ်လွှင့်ပြသမည့် Inheritors ဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

# Transformers 4 ဇာတ်ကားတွင် ဟာသသရုပ်ဆောင် တီဂျေမိုင်လာ ပါဝင်မည်

ပါရာမောင့်ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာ မာ့ခ်ဝဲလ်ဘတ်ခ်ရိုက်ကူးမည့် Transformers 4 ဇာတ်ကားတွင် အမေရိကန် ဟာသသရုပ်ဆောင် တီဂျေမိုင်လာ ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ရုပ်ရှင်ချစ် ပရိသတ်များ ကြိုက်နှစ်သက်ခဲ့ပြီးသား ဖြစ်သည့် Transformers ဇာတ်လမ်းတွဲများ၏ ဇာတ်လမ်းတွဲသစ်တွင် မာ့ခ်ဝဲလ်ဘတ်နှင့်အတူ နီကိုလာပတ်ဇ်၊ ဂျက်ရေးနော်၊ မီဂန်ဖော့ခ် စသည့် နာမည်ကြီး သရုပ်ဆောင်များ ပြန်လည်ပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။

ယခုအသစ်ပါဝင်လာမည့် ဟာသသရုပ်ဆောင် တီဂျေမိုင်လာက မာ့ခ်ဝဲလ်ဘတ်ခ်၏ ငယ်သူငယ်ချင်းဖြစ်သူ စက်ပြင်ဆရာတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

အဆိုပါ Transformers 4 ဇာတ်ကား၏ ဇာတ်ညွှန်းကို Ehren Kruger က တာဝန်ယူရေးသားမည်ဖြစ်ပြီး ပူးတွဲ ဇာတ်ညွှန်းရေးဆရာများအဖြစ် ကယ်လ်ဆီဂရမ်မာနှင့် ဆိုဇီယာ မိုင်းလ်စ်တို့က ပါဝင်ကူညီရေးသားကြမည်ဖြစ်သည်။



ယခုလက်ရှိတွင် တီဂျေမိုင်လာသည် ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေး မှထုတ်လုပ်သည့် Search Party အမည်ရှိ ဟာသဇာတ်ကားရိုက်ကူးလျက်ရှိပြီး ၎င်းသည် Yogi Bear ဇာတ်ကားနှင့် She's Out of My League ဇာတ်ကားများတွင်လည်း ပါဝင်သရုပ်ဆောင်ခဲ့ကြောင်း သိရသည်။



ဖြိုး
စန္ဒာ
မြင့်
စုစည်းသည်

# Teen Choice Awards
## ဆုပေးပွဲအတွက် ဆန်ခါတင်ဆုရှင်များထွက်ပေါ်လာ

အသက် (၁၃) နှစ်မှ(၁၉)နှစ်ကြား လူငယ်များက နှစ်တစ်နှစ်၏ ဂီတ၊ ရုပ်ရှင်၊ တီဗွီ၊ အားကစား၊ ဖက်ရှင်၊ ဟာသနှင့် အင်တာနက်ကဏ္ဍများကို မိမိစိတ်ကြိုက်မဲပေးဆုံးဖြတ်ကာ ချီးမြှင့်အပ်နှင်းသည့် Teen Choice Awards ဆုပေးပွဲ (၂၀၁၃)အခမ်းအနားကို ဩဂုတ် ၁၁ ရက်တွင် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ ကျင်းပမည်ဖြစ်ရာ ဆန်ခါတင်ဆုရှင်စာရင်းများပေါ် ထွက်လာပြီဖြစ်သည်။

အကြိုက်ဆုံးအမျိုးသမီးတေးသံရှင်ဆုအတွက် ဆယ်ကျော်သက်ပရိသတ်များ မဲအများဆုံး ရွေးချယ်ပေးထားကြသူများမှာ ဆီလီနာဂိုမက်ဇ်၊ ဒမ်မီလိုဗာတို၊ ပင့်ခ်၊ ရီဟားနား၊ တေလာဆွတ်တို့ဖြစ်ပြီး အကြိုက်ဆုံးအမျိုးသားတေးသံရှင်ဆုအတွက် ဂျက်စတင်ဘီဘာ၊ ဘရူနိုမားစ်၊ ဖိလစ်ဖိလစ်၊ ပစ်ထ်ဘူးလ်နှင့် ဂျက်စတင်တင်မ်ဘာလိတ်တို့ ဖြစ်ကြသည်။

ထို့ပြင် ယခုနှစ်အတွက် Teen Choice Awards ဆုပေးပွဲဆန်ခါတင်စာရင်းတွင် The Twilight Saga: Breaking Dawn - Part 2 ဇာတ်ကားက စိတ်ကူးယဉ်သိပ္ပံဇာတ်ကားကဏ္ဍ၊ အချစ်ဇာတ်လမ်းကဏ္ဍ စသည်ဖြင့် ဆုအမျိုးအစား ခုနစ်မျိုး ဆန်ခါတင်ရွေးချယ်ခြင်းခံထားရကြောင်း သိရသည်။


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် လိုအပ်သည့်တည်ဆောက်ရေးပစ္စည်းများကို မြန်မာကျပ် ပုံငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | ဘိလပ်မြေ | ၁၈၁၈၁အိတ် |
| (ခ) | သဲ | ၁၃၄၉ကျင်း |
| (ဂ) | ကျောက်ရွယ်စုံ | ၁၀၀၇၇ကျင်း |
| (ဃ) | သံချောင်းရွယ်စုံ | ၆တန် |
| (င) | အုတ် | ၂၀၂၄၅၇ချပ် |
| (စ) | ဂျင်းမြေ/ကျောက်ရောမြေ | ၁၈၂၃၁ကျင်း |

တင်ဒါလျှောက်လွှာပိတ်ရက်-၁၀-၆-၂၀၁၃ရက်၊ မွန်းတည့် ၁၂း၀၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနများတွင် ၃၁-၅-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူး၊ မန္တလေး၊ မြို့နယ်အင်ဂျင်နီယာရုံး၊ ပုသိမ်ကြီးမြို့၊ အမရပူရမြို့၊ ဖုန်း-၀၂-၆၆၃၇၁၊ ၀၂-၇၀၁၄၃၊ ၀၉-၄၀၂၆၂၉၆၇၃

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ









## တစ်ဦးတည်းဖြစ်ကြောင်း

အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ နည်းပြနည်းစနစ်မှူး ဦးအောင်ကြီးနှင့် ဦးမြင့်အောင်[၉/ စကန(နိုင်)၀၀၂၉၂၇]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအောင်ကြီး(ခ)ဦးမြင့်အောင်

## အမည်ပြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်နေ ဦးမြင့်ကျော်-ဒေါ်ခိုင်နွေဦးတို့၏သား အထက-၁၊ ဆဋ္ဌမတန်းမှ မောင်စိုးလင်းအောင်အား မောင်စိုးဝေလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်စိုးဝေလင်း




## အမည်ပြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်နေ အဖ ဦးသန်းဇော် [၁၂/ဒလန(နိုင်)၀၄၂၈၁၀]၏သမီးဖြစ်သူ မစုပုံချစ်အား မအိမ့်ကြည်ဖြူဟု ပြောင်းလဲခေါ်ဆိုပါရန်။

မအိမ့်ကြည်ဖြူ

## အမည်ပြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဘုရင့်နောင်ရပ်ကွက်နေ ဦးကျော်စိုးလွင်-ဒေါ်စန္ဒာလှိုင် တို့၏ သမီး အထက-၁၊ ဒုတိယတန်းမှ ပိုးသော်သော်လွင်အား ပိုးသော်သော်အောင်နှင့် ပိုးသူသူလွင်အား ပိုးသူသူအောင်ဟုပြောင်းလဲခေါ်ဆိုပါရန်။

ပိုးသော်သော်အောင်၊ ပိုးသူသူအောင်

## ကျေးဇူးဆပ်ပါမည်

ချမ်းပက်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်၏ ကုမ္ပဏီလိုင်စင်အမှတ် (၂၈၇၃/၂၀၁၂-၂၀၁၃)နှင့် ထုတ်ကုန်သွင်းကုန်လိုင်စင်အမှတ် (HTA THA KA-30188)များ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးကြပါရန်နှင့် ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၁-၃၈၇၈၂၄၊ ၀၁-၂၅၁၈၉၄








သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်ဥ့်စိုက် ရွှေတိုက်ကိုစိုး

အားကစား

# ဗီရိုနယ်လ်ဒိုအား ကမ္ဘာ့လုပ်ခလစာအများဆုံးကစားသမားဖြစ်လာရန် ပီရက်ဇ်ဆန္ဒရှိနေ

ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌ ဖလော်ရန်တီနိုပီရက်ဇ်သည် အသင်း၏ တောင်ပံကစားသမား ဗီရိုနယ်လ်ဒိုအား အသင်း၌ဆက်ရှိနေစေကာ ကမ္ဘာ့လုပ်ခလစာအများဆုံးရရှိသည့် ကစားသမားဖြစ်လာရန် ဆန္ဒရှိနေသည့်အပြင် ဗီရိုနယ်လ်ဒိုလည်း ရီးယဲလ်မက်ဒရစ်အသင်းနည်းပြဖြစ်လာရန် မျှော်လင့်ထားကြောင်း သိရသည်။

ပေါ်တူဂီကစားသမား ဗီရိုနယ်လ်ဒိုအနေဖြင့် ရီးယဲလ်မက်ဒရစ်နှင့် မပျော်မရွှင်ဖြစ်လျှင် ပြင်သစ်အသင်းပါရီစိန့်ဂျာမိန်း အင်္ဂလိပ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ဖိတ်ခေါ်မှုများပြုလုပ်လာချိန်တွင် ဗီရိုနယ်လ်ဒို၏ သဘောထားမှာ အနာဂတ်မှာ မရေမရာဖြစ်ခဲ့ရသည်။

ထို့ကြောင့် အသင်းဥက္ကဋ္ဌ ပီရက်ဇ်က ဗီရိုနယ်လ်ဒိုအား စာချုပ်သက်တမ်း နှစ်နှစ်တိုးရန်နေ ဆွေးနွေးခဲ့သည်။ အသင်း၌ ဆက်လက်ရှိနေစေရန်နှင့် အသင်းမှ ထွက်ခွာမသွားရန် ကြိုးပမ်းမှုများ လုပ်ဆောင်ခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌ ဖလော်ရန်တီနိုပီရက်ဇ်သည် တောင်ပံကစားသမား ဗီရိုနယ်လ်ဒိုကို ဆက်ထိန်းထားရန်နှင့် လက်ရှိတွင် မော်ရင်ဟို နေရာတွင် အစားထိုးရန် နည်းပြသစ်ရှာဖွေနေပြီး မော်ရင်ဟိုနေရာတွင် ဗီရိုနယ်လ်ဒိုအသင်းနည်းပြ ဖြစ်လာပါက ရီးယဲလ်မက်ဒရစ်အသင်းကစားသမားဟောင်း ဗီရိုနယ်လ်ဒိုအား ရီးယဲလ်မက်ဒရစ်အသင်းနည်းပြဖြစ်လာရန် မျှော်လင့်ထားကြောင်း သိရသည်။

ဗီရိုနယ်လ်ဒိုသည် ၂၀၀၉ ခုနှစ်က မန်ယူအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် သန်း ၈၀ ဖြင့် စာချုပ်ခဲ့ရာမှ ကမ္ဘာ့တွင် စျေးအကြီးဆုံးကစားသမားဖြစ်လာခဲ့သည်။

တောင်ပံကစားသမား ဗီရိုနယ်လ်ဒိုသည် ယခုနှစ်သောတီ့ရာသီတွင် ...




ရီးယဲလ်မက်ဒရစ်အသင်းအတွက် ၅၃ ပွဲ ကစားကာ ၅၃ ဂိုးသွင်းယူပေးခဲ့ပြီး ၎င်း၏ လက်ရှိစာချုပ်သက်တမ်းသည် ၂၀၁၅ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သည်။



# ဒေးဗစ်ဗီလာအား စပါးအသင်းခေါ်ယူရန်ဆွေးနွေး

ဟန်းနီးယားလ်ဒီကာလပ် စတုတ်တန်းလ်ကောဇပါးအသင်းသည် ဗါစီလိုနာအသင်းမှ တိုက်စစ်မှူး ဒေးဗစ်ဗီလာအား လန်ခံရန်နှင့် ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး ပြောင်းရွှေ့ကြေးအဖြစ် ပေါင် ၁၀ သန်းဖြင့် ခေါ်ယူရန် ဆွေးနွေးမှုများ ပြုလုပ်သားကြောင်း သိရသည်။

စပါးနည်းပြ အန်ဒရီဗီလာဘိုအာ့စ်သည် ဒေးဗစ်ဗီလာအား ယခုလအစော ပိုင်းကတည်းက စိတ်ဝင်စားလျက်ရှိကြောင်းနှင့် ဘာစီလိုနာအသင်းအနေဖြင့်လည်း လာမည့်ရာသီတွင် အင်္ဂလန်သောလုံးမလောကသို့ ခေါ်ယူလိုသည့် စပါးအသင်း၏ ကမ်းလှမ်းမှုကို သဘောတူကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် တိုက်စစ်မှူး ဒေးဗစ်ဗီလာအား ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် ရောင်းချရန် ဆန္ဒရှိနေပြီး အကျော်ကြားရွှေ့ကြေး ပေါင် ၁၂ သန်းရရှိလျှင် ရောင်းချမည်ဟုဆိုသည်။

စပါးအသင်းဥက္ကဋ္ဌ ဒန်နီယယ်လီဗီကမူ ဘာစီလိုနာအသင်း တောင်းဆိုထားသည့်စျေးနှုန်းကို ပြင်ဆင်ပြီးမှ ယင်းအကောင် နိမ့်သောစျေးဖြင့် ဆွေးနွေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

# ရောဘတ်တိုမာတီနက်ဇ် ဝီဂန်အသင်းကို ကျောခိုင်းတော့မည်

ဝီဂန်အသင်းနည်းပြ ရောဘတ်တိုမာတီနက်ဇ်သည် လာမည့်ဘောလုံးရာသီတွင် အဲဗာတန်အသင်းနည်းပြဖြစ်လာရေး ရည်မှန်းလျက် ဝီဂန်အသင်းနည်းပြအကို စွန့်ခွာတော့မည်ဖြစ်ကြောင်း သိရသည်။

ဝီဂန်အသင်းသည် အာဆင်နယ် သိုင်း ယင်အက်ဖ်အေကပ်ဖလား ဖွတ်ချူရရှိခဲ့သော်လည်း ပရီမီယာလိဂ်မှ တန်းဆင်းသွားခဲ့ရသည့် ပြီးခဲ့သည့်သီတင်းပတ်မှ စတင်ကာ မာတီနက်ဇ်သည် ဝီဂန်အသင်း နည်းပြအဖြစ်မှ ထွက်ခွာရန် ပြင်ဆင်မှုအတွက် ဝီဂန်အသင်းဥက္ကဋ္ဌ ဒေးဗ်ဝီလန်နှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

အဲဗာတန်အသင်းနည်းပြ ဒေးဗစ်မိုယက်က မန်ယူအသင်းနည်းပြအဖြစ် တာဝန်ယူလိုက်ပြီဖြစ်၍ ကြေညာခဲ့ပြီးနောက် ဝီဂန်အသင်းနည်းပြ မာတီနက်ဇ်အနေဖြင့် အဲဗာတန်အသင်းနည်းပြဖြစ်လာရန် ဖိတ်ခေါ်မှုများ ပြုလုပ်ထားခဲ့ကြောင်း သိရသည်။ သို့သော် လက်ရှိအချိန်ထိ အကောင်အထည်မပေါ် သေးကြောင်း ဆိုသည်။

မာတီနက်ဇ်သည် ၂၀၀၉ ခုနှစ်နွေရာသီတွင် ဝီဂန်အသင်းသို့ ရောက်ရှိလာခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် အက်ဇ်တွန်ဗီလာသို့ပြောင်းရန်နှင့် ပြီးခဲ့သည့်နှစ်ကလည်း လီဗာပူးအသင်းသို့ ပြောင်းရန် အခွင့်ကြုံခဲ့သည်။ လက်ရှိတွင်လည်း အဲဗာတန်အသင်း နည်းပြဖြစ်လာရန် စိတ်အားထက်သန်နေလျက်ရှိသည်။

နိုင်လင်းကြည်




# မန်စီးတီးနောက်တန်းကစားသမား ကိုလိုတိုရေးအား စာချုပ်ခေါ်ယူရန် လီဗာပူးသဘောတူညီမှုရရှိ

မန်စီးတီးကိုခံစစ်မှူး ကိုလိုတိုရေးသည် ၎င်း၏မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်းမှာ လာမည့် သီတင်းပတ်အတွင်း ကုန်ဆုံးတော့မည်ဖြစ်ရာ လက်ရှိစာချုပ်ကုန်ဆုံးပါက လီဗာပူးကစားသမားတစ်ဦးအဖြစ် တရားဝင် မှတ်ပုံတင်တော့မည်ဖြစ်ကြောင်းနှင့် ဇူလိုင် ၁ ရက်တွင် လီဗာပူးအသင်းသို့ အပြီးပြောင်းရွှေ့လိမ့်မည်ဖြစ်ကြောင်း သိရသည်။

လီဗာပူးအသင်းသည် အသင်း၏အားထားရသော ဗဲလ်ဂျီကစားသမား ကာရာဂါ အနားယူခဲ့ပြီးနောက် အသင်း၏ နောက်တန်းလေးနေရာအတွက် အတွေ့အကြုံရှိကစားသမားများဖြင့် ဖြည့်ဆည်းရန်အတွက် လီဗာပူးအသင်းနည်းပြ ဘရန်ဒန်ရော်ဂျာအနေဖြင့် မန်စီးတီးနောက်တန်းကစားသမား ကိုလိုတိုရေးကို ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။


၂၀၁၂ အောင်စာရင်းတစ်ခုထဲမှ ကောင်းထက်ကျော်၏ ဘာသာစုံဂုဏ်ထူးရှင်များ



Hot Line - 01 545440, 01 552348, 09 420 700013, 09 420 700012
PRIVATE Grade - 6,7,8,9 Grade - 10,11

ကောင်းထက်ကျော်
ကိုယ်ပိုင်အထက်တန်းကျောင်း
ဆရာ/ဆရာမ / ဂျူလိုင်
အဆင့်မြင့်စာသင်ခိုင်းများ

ASIA KING

RUBY 519100 09-51-77212, 535100

TEAK TOURIST CO., LTD.

Vol 2, ISSUE 59 THE TRADE TIMES Business Journal
Phone: 01-8010336-39
ထွက်ပြီ

news Watch WEEKLY
စောင့်ကြည့်သတင်းဂျာနယ်
News Watch (စောင့်ကြည့်ဂျာနယ်) အတွဲ (၇) အမှတ် (၁၀၀)
ထွက်ပြီ

# လားရှိုးမြို့၌ ရာဇဝတ်မှုတစ်ခုမှ စတင်၍ လူစုလူဝေးဖြင့် မီးရှို့ဖျက်ဆီးမှု ဖြစ်စဉ်များ ဖြစ်ပွားခဲ့



ရှမ်းပြည်နယ် လားရှိုးမြို့၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများနှင့် လုံခြုံရေးတာဝန်ရှိသူများက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်နေစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၉

**ရှမ်းပြည်နယ် လားရှိုးမြို့၌ ယမန်နေ့က ရာဇဝတ်မှုတစ်ခုမှ စတင်၍ လူစုလူဝေးဖြင့် မီးရှို့ဖျက်ဆီးမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့ပြီး ယခုအခါ အလားတူဖြစ်စဉ်များ ထပ်မံမဖြစ်ပွားစေရေးအတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများနှင့် လုံခြုံရေးတာဝန်ရှိသူများက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လားရှိုးမြို့၌ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားကြောင်း သိရှိရသည်။**

ယမန်နေ့ညနေ ၄ နာရီ ၁၅ မိနစ်ခန့်တွင် လားရှိုးမြို့ အမှတ် (၈)ရပ်ကွက် နယ်မြေ (၇) သိန်းနီလမ်းမကြီးဘေးရှိ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးရုံးအနီးတွင် လားရှိုးမြို့နေ မအေးအေးဝင်း(၂၄)နှစ် (ဈေးရောင်း) အား ကျိုင်းတုံမြို့နေ နေဝင်း (၄၈)နှစ် (ကျပန်း)က ဓာတ်ဆီလောင်းမီးရှို့ခဲ့သဖြင့် မအေးအေးဝင်း၏ ရင်ဘတ်၊ ကျောနှင့် ယာလက်တို့တွင် မီးလောင်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် လူနာအား လားရှိုးမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

တရားခံ နေဝင်းသည် မူးယစ်ဆေးစွဲနေသူ တစ်ဦးဖြစ်ကြောင်း သိရှိရပြီး ၎င်းအား တာဝန်ရှိသူများက ထိန်းသိမ်းခေါ်ဆောင်၍ ရှာဖွေခဲ့ရာ ၎င်း၏အကျီအိတ်အတွင်းမှ WY ဆေးပြားနှစ်ပြားကို တွေ့ရှိရသဖြင့် လားရှိုးမြို့မရဲစခန်း၌ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၇/၄၃၆/၃၂၆ ဖြင့်လည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဥပဒေပုဒ်မ ၁၅/၁၆ (ဂ) ဖြင့်လည်းကောင်း အမှုဖွင့်ပြီး လားရှိုးမြို့မရဲစခန်းမှူး ဒုတိယရဲမှူး မြင့်သိန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ညနေ ၅ နာရီ ၄၅ မိနစ်ခန့်တွင် လူစုလူဝေးများက အမှတ် (၁) ရဲစခန်းရှေ့သို့ စုရုံးရောက်ရှိလာခဲ့သဖြင့် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က ငြိမ်းချမ်းစွာနေထိုင်ရန် ဖျောင်းဖျပြောဆိုပြီး လူစုခွဲခဲ့ကြောင်း သိရသည်။

ည ၇ နာရီ မိနစ် ၂၀ ခန့်တွင် လားရှိုးမြို့ အမှတ် (၃) ရပ်ကွက်ရှိ ကုန်မာဆိုင်ခုံတန်းများအား လူအချို့က ရိုက်ချိုးဖျက်ဆီးပြီး အနီးရှိဘာသာရေးအဆောက်အအုံရှေ့တွင် မီးပုံရှို့ခဲ့ကြောင်း၊ ထို့နောက် အဆိုပါ ဘာသာရေး အဆောက်အအုံအားလည်း မီးရှို့ဖျက်ဆီးခဲ့ကြကြောင်း၊ ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများသည် အဆိုပါ မီးရှို့သည့် နေရာသို့ရောက်ရှိပြီး လုံခြုံရေးဆောင်ရွက်ခဲ့ကာ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခဲ့ကြောင်း၊ ည ၈ နာရီ ၁၀ မိနစ်ခန့်တွင် တပ်မတော်မှလည်း လုံခြုံရေးအတွက် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လူစုလူဝေးများသည် အမှတ်(၃) ရပ်ကွက် လမ်းမတော်လမ်းနှင့် ကြာနီလမ်းထောင့်ရှိ မိဘမဲ့ကလေးများကျောင်းအောက်ရှိ ဈေးဆိုင်ခန်းများ၊ ဈေးလမ်းကြားရှိ ဈေးဆိုင်ခန်းများ၊ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တို့အား ဆက်လက်မီးရှို့ဖျက်ဆီးခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရကြောင်းနှင့် ည ၁၁ နာရီခွဲခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

လားရှိုးမြို့တွင် ယနေ့နံနက် ၁၀ နာရီခွဲခန့်တွင် ရပ်ကွက်(၇)၊ ရပ်ကွက် (၁) နယ်မြေ (၈)တို့တွင် လူစုလူဝေးများက တုတ်၊ ဓားလက်နက်များကိုင်ဆောင်၍ စုဝေးခဲ့ကြသဖြင့် လုံခြုံရေးအဖွဲ့က အချိန်မီဟန့်တားခဲ့ရသည်။

သို့သော် မွန်းလွဲပိုင်း ၁ နာရီ မိနစ် ၄၀ ခန့်တွင် ရပ်ကွက်(၂)၊ ရပ်ကွက်(၃)၊ ရပ်ကွက်(၇)နှင့် ရပ်ကွက်(၈)တို့တွင် အပြန်အလှန် တိုက်ခိုက်မှုများ စတင်ဖြစ်ပွားခဲ့ရာ ယနေ့ညနေ ၅နာရီခန့်အထိ တိုက်ခိုက်မီးရှို့ဖျက်ဆီးမှု ခုနစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မေ ၂၈ ရက်မှ ၂၉ ရက်အထိ အပြန်အလှန် တိုက်ခိုက်မှုများကြောင့် လူနေအိမ် ငါးလုံး၊ ဘာသာရေး အဆောက်အအုံ သုံးလုံး၊ ရုပ်ရှင်ရုံ တစ်လုံး၊ ဂိုဒေါင် လေးလုံး၊ ဆိုင်ခန်း ၃၂ ခန်း၊ မော်တော်ယာဉ် နှစ်စီး၊ ဆိုင်ကယ် ၁၁ စီး မီးလောင်ပျက်စီးခဲ့ကြောင်းနှင့် တစ်ဦးသေဆုံးပြီး ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ လားရှိုးမြို့၌ ယမန်နေ့ ည ၈ နာရီမှ စတင်၍ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားပြီးဖြစ်သည်။

ယမန်နေ့က ပြစ်မှုကျူးလွန်ခဲ့သော တရားခံဖြစ်သူသည် မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ပြစ်မှုကျူးလွန်ခြင်းဖြစ်ပြီး ဘာသာရေး၊ လူမှုရေးကိစ္စများနှင့်ပတ်သက်ခြင်း မရှိကြောင်း၊ ယင်းပြစ်မှုကို အကြောင်းပြုပြီး ဘာသာရေး ပဋိပက္ခအသွင်ဖော်ဆောင်ခြင်းမပြုရန်အတွက် ဘာသာရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများက ဝိုင်းဝန်းကာကွယ်ဆောင်ရွက်ရန် သက်ဆိုင်ရာတာဝန်ရှိသူများက မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဆိုင်ကယ်ကိုဝင်တိုက်ပြီး ယာဉ်တိမ်းမှောက်မှုဖြစ်ပွား




**လားရှိုး မေ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြည်သူ့ဆေးရုံ ကြီးနံဘေး ရပ်ကွက်(၄) ရေကန်တောင်လမ်းအတွင်း အဝင်၌ မေ ၂၇ ရက် နံနက် ၈ နာရီခန့်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။**(ဓါတ်ပုံ)**

ဖြစ်စဉ်မှာ လားရှိုးမြို့ ရပ်ကွက် (၄) နယ်မြေ(၉)နေ ယာဉ်မောင်း ဦးအောင်မြင့်ဦး (၃၂)နှစ် မောင်းနှင်လာသော ခြောက်ဘီးယာဉ် Fuso ၈က/. . . . သည်လားရှိုးပြည်သူ့ဆေးရုံဘေးရှိ မြို့ပတ်လမ်းမှ ရပ်ကွက်(၄) ရေကန် လမ်းထဲသို့ ကွေ့ရန်မောင်းလာစဉ် လမ်းဆုံအနီးအရောက် ၎င်းယာဉ်မှာ ဘရိတ်ပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းယာ ဘက်ဘေးရှိ ရပ်ထားသော ၁၈ယ/. . . (ရှန်ရန်း) ၁၁၀ အနက်ရောင်ဆိုင်ကယ်တစ်စီးနှင့် လမ်းလျှောက်လာသူ ဦးအောင်ထွေး (၃၃)နှစ် ရပ်ကွက်(၅) နယ်မြေ (၉) လားရှိုး မြို့နေသူတို့အား ဝင်တိုက်မိပြီး ရေကန်တောင်လမ်းယာဘက်ရှိ ဆိုင်ခန်းမျက်နှာစာအုတ်ခုံအား ဝင်တိုက်ကာ တစ်ဖက် လမ်းကြော၌ ရပ်ထားသော ဆန်နီအဖြူရောင် န/. . . ကား ဦးခေါင်းကိုဖိမိကာ တိမ်းမှောက်သွားခဲ့သည်။ အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့်လမ်းလျှောက်လာသူဦးအောင်ထွေးမှာ ဒဏ်ရာရရှိပြီး ၁၈ယ/. . . . (ရှန်ရန်း)၁၁၀ အနက်ရောင်ဆိုင်ကယ်မှာ ကျိုးပဲ့ပျက်စီး၍ ဆိုင်ခန်းမျက်နှာစာနှင့် ဆိုင်ရှိကုန်ပစ္စည်းများ ကျိုးပဲ့ပျက်စီးခဲ့သည်။ ဆန်နီကားမှာ ထိခိုက်ပျက်စီးခြင်းမရှိကြောင်း သိရသည်။

မဆင်မခြင်ပေါ့ဆစွာ မောင်းနှင်သူ ယာဉ် မောင်း ဦးအောင်မြင့်ဦးကို ယာဉ်ထိန်းတပ်ဖွဲ့ဒုရဲအုပ် နေလင်းက စခန်းအမှတ် (၁)ယာဉ် (ပ) ၂၄/၂၀၁၃၊ ပြစ်မှုပုဒ်မ ၂၇၉/၃၃၈ ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဇာဏီအောင် -လားရှိုး)**







● သင့်သွေးဖြင့်အသက်ကယ်ပါ ●







**အမည်ပြောင်း**

အမက(၁)ဒဂုံတွင် ပညာသင်ကြားနေသော အဖ ဦးနိုင်လင်းထွန်း၏ သမီး မဖူးသက်ပန်းအား မအိရည်နှင်းစက်နိုင်အဖြစ် ပြောင်းလဲခေါ်ဆိုပါရန်။

ရွှေလင်ပန်း ၂၂၊ ၂၃ ရပ်ကွက်ရှိ ပါမစ်မြေကွက်များဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

**ဖုန်း-၀၉-၅၁၈၃၁၇၉၊ ၄၀၁၆၀၂၂၂**

**အမည်ပြောင်း**

ဦးတင်မိုး၏သားတောင်ငူမြို့နယ် လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ သူငယ်တန်း(ခ)မှ မောင်ကောင်းခန့်ကျော်အား မောင်သော်လင်းထွန်းဟုပြောင်းလဲခေါ်ပါရန်။

**မောင်သော်လင်းထွန်း**

## အဆိုပြုလွှာများ ဖိတ်ခေါ်ခြင်း

High Tech Concrete Technology Co.,Ltd မှ တာဝန်ယူတည်ဆောက်မည့် (၁၆)ထပ် အဆောက်အအုံ၏ Building Construction လုပ်ငန်းပိုင်းတွင် Structure , M& E နှင့် Architecture work များနှင့် ပတ်သတ်၍ လုပ်ငန်း ဆောင်ရွက်နိုင်သော Sub Contractor များအား တင်ဒါခေါ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသော Sub Contractor များမှ

(၁) Company Profile
(၂) ကုမ္ပဏီမှတ်ပုံတင်(မိတ္တူ)
(၃) ကုမ္ပဏီမှ ဆောင်ရွက်ခဲ့ဖူးသည့် လုပ်ငန်းအတွေ့အကြုံများ
(၄) ယာဉ်/စက်/ယန္တရား အင်အားစာရင်း များအား

High Tech Tower၊ အမှတ်(၅၈၄)၊ (၇)လမ်းနှင့် ကမ်းနားလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့ ကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း အဆိုပြုလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

# အင်းဝမြို့ဟောင်းတွင် သတိပေးနှိုးဆော်ချက်နှင့် ရှေးဟောင်းဇုန်နယ်နိမိတ် တည်နေရာပြပုံကားချပ်များ စိုက်ထူ



**အင်းဝ မေ ၂၉**

ရှေးဟောင်းအမွေအနှစ်ဒေသအဖြစ် သတ်မှတ်ခြင်းခံထားရသည့် အင်းဝမြို့ဟောင်းတွင် နေထိုင်ကြသည့် ပြည်သူများ လိုက်နာသိရှိစေရန်နှင့် ဝိုင်းဝန်းထိန်းသိမ်းနိုင်ကြစေရန်အတွက် ယခုအခါ သတိပေးနှိုးဆော်ချက်နှင့် အင်းဝမြို့ဟောင်း ရှေးဟောင်းဇုန်နယ်နိမိတ် တည်နေရာပြပုံကားချပ်များကို ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက စိုက်ထူပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါသတိပေးနှိုးဆော်ချက်နှင့် အင်းဝမြို့ဟောင်း ရှေးဟောင်ဇုန်နယ်နိမိတ်တည်နေရာပြပုံကားချပ်များကို အများပြည်သူအလွယ်တကူ ဖတ်ရှုလေ့လာသိရှိနိုင်စေရန်အတွက် ထင်သာမြင်သာရှိသည့် နေရာများ၌ စိုက်ထူထားသည်ကို တွေ့ရသည်။ ထို့အပြင် ဇုန်နယ်သတ်မှတ်သည့် နယ်နိမိတ်မှတ်တိုင်များကိုလည်း စိုက်ထူထားရှိပေးလျက်ရှိကြောင်း သိရသည်။ အင်းဝမြို့ဟောင်းသည် ရှေးမြန်မာမင်းများလက်ထက်က လေးကြိမ်တိုင်တိုင် မင်းနေပြည်တော်အဖြစ် တည်ထောင်စိုးစံခဲ့သည့် မြို့တော်ဟောင်းဖြစ်၍ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် (Ancient Monumental Zone)၊ ရှေးဟောင်းနေရာ တည်ရှိရာဇုန် (Ancient Site Zone)၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်(Protected and Preserved Zone)ဟူသည့် ရှေးဟောင်းဇုန်နယ်နိမိတ်သတ်မှတ်မှု သုံးဇုန်လုံးနှင့် အကျုံးဝင်လျက်ရှိနေကြောင်း သိရသည်။ စိုက်ထူပေးထားသော မြေပုံညွှန်းအရ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် (Ancient Monumental Zone)အဖြစ် စည်တိုပုံမြို့ရိုးပတ်လည်ကို သတ်မှတ်ထားကြောင်း တွေ့ရှိရပြီး ရှေးဟောင်းနေရာတည်ရှိရာဇုန်(Ancient Site Zone)အဖြစ် ဆင်းကျုံးခံတပ်၊ ဝက်ဘာဘုရားစု၊ မဟာမုနိဘုရားတို့ကို သွတ်သွင်းကာ ဟံသာဝတီရပ်ကွက်ပါဝင်သည့် အတွင်းမြို့ရိုးအတိုင်း သတ်မှတ်ထားသည်ကို တွေ့ရသည်။ ကာကွယ်ထိန်းသိမ်းထားသောဇုန် (Protected and Preserved Zone) အနေဖြင့် ဧရာဝတီမြစ်၊ ဒုဋ္ဌဝတီမြစ်နှင့် ပန်းဆေးချောင်းအတွင်းရှိ ငါးရာပြူ၊ ကြက်သွန်ခင်းကျောင်းနှင့် ဇီးပင်ကွေ့တို့ကို နယ်နိမိတ်ပြုကာ အပြင်မြို့ရိုးအတိုင်း သတ်မှတ်ထားကြောင်း သိရသည်။

ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း နေထိုင်ကြသည့် ပြည်သူများအနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်များကို ဝိုင်းဝန်းထိန်းသိမ်းရန်နှင့် လိုက်နာကြရန် စည်းကမ်းချက်ခုနစ်ချက် ကြေညာသတိပေးထားသည်ကို တွေ့ရသည်။ အဆိုပါကြေညာသတိပေးချက်များ၏ နောက်ဆုံးစည်းကမ်းချက်(ည)မှာ "ဂေါပကအဖွဲ့များသည်လည်း ဌာနမှထုတ်ပြန်ထားသည့် ဂေါပကအဖွဲ့လိုက်နာရမည့် စည်းကမ်းချက်များကို တိကျစွာလိုက်နာရမည်"ဟူသော အချက်ပါဝင်သည်။ ရှေးဟောင်းစေတီပုထိုးများပြန်လည်ပြုပြင်တည်ထားခြင်းများကို ဂေါပကအဖွဲ့များက သတိမမူမိဘဲ အများဆုံးဆောင်ရွက်လေ့ရှိသဖြင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးမှုမရှိစေရန် ကာကွယ်ထိန်းသိမ်းကြရာ၌ သတိပြုဖွယ်ရာဖြစ်ပေသည်။ အင်းဝမြို့ဟောင်းတွင် နံရံဆေးရေးပန်းချီများရှိသောဘုရား ငါးဆူ၊ ရှေးဟောင်းကျောက်စာရှိ ဘုရား ခုနစ်ဆူနှင့် ကြေးခေါင်းလောင်းစာရှိသော ဘုရားသုံးဆူရှိပြီး ရှေးဟောင်း အဆောက်အအုံစုစုပေါင်း ၆၂၄ ခုရှိကြောင်း သိရသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ အခန်း(၃)၊ ပုဒ်မ(၄)အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်အတွင်းရှိ အင်းဝမြို့ဟောင်းကို ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် သတ်မှတ်ပြဋ္ဌာန်း၍ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။ သတိပေးနှိုးဆော်ချက်နှင့် အင်းဝမြို့ဟောင်း ရှေးဟောင်းဇုန်နယ်နိမိတ်တည်နေရာပြပုံကားချပ်များကို ဟံသာဝတီကျေးရွာအုပ်စု၊ တောင်ပေါ်တိုက်ဘုရားစုနှင့် တံတားဦးမြို့သို့သွားရောက်သည့် မဟာဇေယပထ အုတ်လမ်းဘေး၌ စိုက်ထူထားသည်ကို တွေ့ရသည်။

**(နန္ဒာမင်းလွင်)**

## မန္တလေးမြို့၌ ပထမအကြိမ် သတင်းဓာတ်ပုံများပြသ

**မန္တလေး မေ ၂၉**

Press Club of Myanmar မှ ကြီးမှူး၍ ပထမအကြိမ် သတင်းဓာတ်ပုံပြသပွဲကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာမြိုင်ရပ်ကွက် (၆၉)လမ်းနှင့် (၃၇)လမ်းထောင့်ရှိ Dream Land Art Studio ၌ မေ ၂၃ ရက်မှ ၂၅ ရက်အထိ ချိတ်ဆွဲပြသသွားခဲ့သည်။

သတင်းဓာတ်ပုံများတွင် မြန်မာနိုင်ငံတစ်ဝန်းဖြစ်ပျက်ခဲ့မှုများအပေါ် မီဒီယာအသီးသီး၏ လျှပ်တစ်ပြက်ရိုက်ချက်များ၊ သတင်းဆုရဓာတ်ပုံများ စုစည်းပြသသွားရာ စိတ်ဝင်စားသူများ များပြားစွာလာရောက် လေ့လာကြည့်ရှုခဲ့ကြသည်ဟု သိရသည်။

**(ကျော်မင်းသော်)**



## သာစည်မြို့နယ်၌ မြင်းလှည်း အသုံးပြုသူများပြား

**မိတ္ထီလာ မေ ၂၉**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် မော်တော်ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်များထက် မြင်းလှည်းယာဉ်ကို အသုံးပြုသူ ပိုမိုများပြားခြင်းကြောင့် မြင်းလှည်းယာဉ်မောင်းနှင လုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျေးလက်ဒေသက ထွက်ရှိတဲ့ ဟင်းသီးဟင်းရွက်တွေကို မြို့မဈေးကြီးကို လာရောက်ရောင်းချရင်ပဲ ဖြစ်ဖြစ်၊ ဈေးသွားဈေးပြန်အသုံးပြုရာမှာပဲဖြစ်ဖြစ် မြင်းလှည်းယာဉ်ကို အသုံးပြုသူ များပြားလာပါတယ်။ သာစည်မြို့မှာ ဆိုင်ကယ်နဲ့ သုံးဘီးဆိုင်ကယ်တွေ ရှိပေမယ့် ဈေးဝယ်ပြီး ဈေးခြင်းတောင်းနဲ့ ဆိုင်ကယ်ကယ်ရီစီးရင် အန္တရာယ်ဖြစ်မှာစိုးရတယ်။ သုံးဘီး ဆိုင်ကယ်သမားတွေကလည်း ဆီဖိုးနဲ့ အနည်းဆုံး ငွေကျပ် ၅၀၀၀ လောက်ရမှ တစ်ခေါက်ထွက်တာဆိုတော့ ခရီးသည် စောင့်ရင် အချိန်ကြာမှာစိုးလို့ သုံးဘီးဆိုင်ကယ် စောင့်မစီးတော့ဘူး။ ကျွန်တော်တို့ မြင်းလှည်းကတော့ အနည်းဆုံး ငွေကျပ် ၁၀၀၀၊ ၁၅၀၀ လောက်ရရင် အိမ်အရောက် ပို့ပေးတဲ့အတွက် နှစ်ဦးနှစ်ဖက် အဆင်ပြေပါတယ်။ မြင်းလှည်းတစ်စီးကို တစ်နေ့ ကျပ် ၇၀၀၀ လောက်ရပါတယ်။ မြင်းစာဖိုးက တစ်နေ့ ကျပ် ၂၅၀၀ ဖိုးလောက် ဝယ်ကျွေးရတော့ မြင်းလှည်းမောင်းသူတစ်ဦး တစ်နေ့ဝင်ငွေ ကျပ် ၄၀၀၀ မှ ၅၀၀၀ ကြားရရှိပါတယ်။ မြို့နဲ့အနီးအနားမှာရှိတဲ့ ညောင်တို၊ ကွမ်းခြံရိုး၊ ဘိုကုန်း၊ ဇီးပင်ပေါက်၊ မင်းလှ၊ ရွာမွန်သာ စတဲ့ကျေးရွာတွေကလည်း မြင်းလှည်းယာဉ်တွေ ရှိတော့ ကျေးရွာနဲ့မြို့ပေါ် ဈေးသွားဈေးပြန် အဆင်ပြေမှုရှိကြပါတယ်။ မြင်းလှည်းယာဉ်တစ်စီးကို ငွေကျပ် ငါးသိန်း မှ ၁၀သိန်းအထိ ရင်းနှီးရပြီး သာစည်မြို့နယ်မှာဆိုရင် မြင်းလှည်းယာဉ်အစီးရေ ၂၀၀ ခန့်ရှိတယ်" ဟု မြင်းလှည်းမောင်းလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

**(မျိုးမင်း-သာစည်)**

## အမျိုးမျိုးကွဲပြားနေသည့် ဝင်ကြေးကောက်ခံမှုများ

**တောင်ကြီး မေ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေး၊ ကလော၊ ပင်းတယ၊ တောင်ကြီး၊ ကက္ကူဒေသသို့ဝင်ရောက်လေ့လာကြသည့် ပြည်ပဧည့်သည်များအား နေရာအလိုက်၊ ဒေသအလိုက် ဇုန်ဝင်ကြေး၊ ကင်မရာဝင်ကြေးစသည်ဖြင့် အမျိုးမျိုး ကွဲပြားကောက်ခံနေကြပါသည်။ အင်းလေးကန်သို့ သွားမည်ဆိုပါက ညောင်ရွှေလှေဆိပ်တွင် ငါးဒေါ်လာ၊ စကားတာခေါင်သွားမည်ဆိုပါက မော်ဘီဒေသတွင် ငါးဒေါ်လာ ထပ်မံပေးရပြီး ၎င်းခရီးစဉ်အတွက် သက်ဆိုင်ရာ ဟိုတယ်မှစီစဉ်ပေးသည့် စက်လှေကိုသာ ငှားရမ်းစီးနင်းရကြောင်း ခရီးသွားတစ်ဦးက ပြောပြသည်။ ၎င်းအပြင် ပင်းတယဒေသသို့ သွားပါက ငါးဒေါ်လာ၊ ကက္ကူဘုရားဒေသတွင် ငါးဒေါ်လာပေးရခြင်း၊ နေရာဒေသအသီးသီးတွင် ကင်မရာကြေးများ ထပ်မံကောက်ခံခြင်းကြောင့် ဝင်ကြေးအသီးသီးအတွက် ဒေါ်လာ ၂၀ နှင့် ကင်မရာကြေး/TV ကြေးများနှင့်တွက်ပါက ဒေါ်လာ ၃၀ နှုန်းကျသဖြင့် ဧည့်သည်နှင့် ဧည့်လမ်းညွှန်များမှာ အဆင်မပြေဖြစ်ကာ အချင်းများမှုများ ရှိကြောင်း သိရသည်။ ယခု အခါ မေ ၈ ရက်က အင်းလေးဒေသ သတင်းစာရှင်းလင်းပွဲတစ်ခုတွင် အောက်တိုဘာလမှစ၍ အင်းလေးဇုန် ဝင်ကြေးအား ၁၀ ဒေါ်လာအထိ တိုးမြှင့်ကောက်ခံပြီး ကော်မတီတစ်ခုဖွဲ့ကာ အင်းလေးကန် စိမ်းလန်းစိုပြည် သာယာလှပရေးအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ ဇုန်ဝင်ကြေးများ ကောက်ခံရာတွင် နယ်စပ်ဝင်ပေါက်ဖြစ်သည့် မူဆယ်၊ လောက်ကိုင်၊ မိုင်းလား၊ တာချီလိတ်ဒေသများတွင်လည်း ရှိနိုင်သေးသဖြင့် အဆိုပါကောက်ခံငွေများအား ပြည်သူအကျိုးအတွက် ထင်သာမြင်သာ သုံးစွဲစေလိုကြောင်း ဒေသခံတစ်ဦးက ပြောပြသည်။ ရှမ်းတောင်ဒေသအတွက် ဝင်ကြေးကောက်ခံနေမှုအား အင်းလေး၊ ပင်းတယ၊ စကား၊ ကက္ကူ မခွဲဘဲ နယ်မြေတစ်ခုလုံးအတွက် သင့်တင့်သည့်ဈေးနှုန်း သတ်မှတ်ကောက်ခံပြီး အင်းလေး၊ ခနုဒေသ၊ ပအိုဝ်းဒေသ စသည်ဖြင့် အကျိုးရှိရှိခွဲဝေသုံးစွဲစေလိုကြောင်း၊ ၎င်းအပြင် ထိုကဲ့သို့ ကောက်ခံပြီးပါက မည်သည့်နေရာမဆို ကင်မရာကြေး၊ အခြားဝင်ကြေးများ မကောက်ခံတော့ပါက ဧည့်သည်နှင့် ဧည့်လမ်းညွှန်များ ပြောဆိုဆက်ဆံရာတွင် ပိုမိုအဆင်ပြေနိုင်ကြောင်းလည်း သိရသည်။ စကားဒေသတွင် ဝင်ကြေးပေးရသော်လည်း ရေလမ်းကြောင်းများ မကောင်းခြင်း၊ နွေရာသီတွင် ဗေဒါများ၊ ရေတိမ်နေရာများ၌ သွားလာရေးခက်ခဲခြင်း စသည်များတွေ့ရသကဲ့သို့ ဧည့်သည်များအတွက် ကောင်းမွန်သည့် သန့်စင်ခန်းများ လိုအပ်ခြင်း၊ အချို့နေရာများတွင် စိတ်မချမ်းမြေ့စရာ ပစ္စည်းရောင်းချခြင်း၊ အလှူခံခြင်း၊ တောင်းရမ်းခြင်းများကိုလည်း ဖယ်ရှားပေးသင့်ကြောင်း တင်ပြလိုက်ရပါသည်။

**(နိုင်ထွန်း-TGI)**

## တံမြက်စည်းလုပ်ငန်း အရင်းနည်း၍ အမြတ်များ

**တောင်ငူ မေ ၂၉**

တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကျောက်ချောင်းကျေးရွာရှိ ပြည်သူအများစုသည် တံမြက်စည်းလုပ်ငန်းကို လုပ်ကိုင်ကြသည်။ တံမြက်စည်းလုပ်ကိုင်သူများထဲမှ စီးပွားဖြစ်တံမြက်စည်းလုပ်ငန်းလုပ်ကိုင်သူ 'ဦးဝင်းမြင့်' တံမြက်စည်းလုပ်ငန်းသို့ သွားရောက်လေ့လာခဲ့ရာ "ကုန်ကျစရိတ်က တစ်ချောင်းကို ကျပ် ၁၅၀ ရှိတယ်။ ရောင်းဈေးက တစ်ချောင်းကို ဖောက်သည်ဈေး ကျပ် ၄၅၀၊ လက်လီဈေး ကျပ် ၅၀၀နဲ့ တစ်လကို အချောင်းရေ ၁၀၀၀၀ ခန့်ရောင်းရပါတယ်။ တံမြက်စည်းလုပ်ငန်းက အရင်းနည်းပြီး အမြတ်များများရလို့ ကျွန်တော်တို့မိသားစုအားလုံး တံမြက်စည်းလုပ်ငန်းကိုပဲ လုပ်ကိုင်ပါတယ်" ဟု ပြောသည်။

**(ဝေဖြိုးနိုင်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၄ယ/၅၈၆၉၉၊ Luojia m/c၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးခင်မောင်[၉/မရတ(နိုင်)၀၇၃၀၇၃]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ယ/၈၆၂၃၇၊ Honda C90 Custom m/c၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးထွန်း[၅/ခဥန(နိုင်)၀၇၄၇၅၈]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၈၇/၆၁၀၁၊ အမျိုးအမည် SM Super Man၊ အမျိုးအစား Jeep(4x2)L၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးမြင့်စိုး[၉/မနမ(နိုင်)၀၈၃၀၂၃]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၁ယ/၇၄၈၈၁၊ Honda C90 Custom၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးဝင်းထွန်း[၅/ထခန(နိုင်)၀၄၇၂၆၅]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ပြည်တွင်းရေးရာ

# ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းစေရေး ယာဉ်ကြောအမှန်မောင်းနှင်ရန်လို

ရန်ကုန် မေ ၂၉

**ယာဉ်ထိန်းရဲအချို့၏အပင်ပန်းခံဆောင်ရွက်မှုကြောင့် ဘုရင့်နောင်လမ်းဆုံတွင် ယာဉ်ကြောအချို့ သွားလာရေးလွယ်ကူလာကြောင်း၊ ယာဉ်မောင်းများအနေဖြင့် ယာဉ်ကြောအမှန်သွားလာမောင်းနှင်ရန် လိုအပ်ကြောင်း၊ ယာဉ်ကြောအမှန်မောင်းနှင်မှုနှင့် ယာဉ်ထိန်းရဲ၏ အပင်ပန်းခံအချက်ပြမှုကြောင့် ယာဉ်ကြောပိတ်အချိန်လျော့ကျလာသည်ဟု ကိုယ်တိုင်တွေ့ကြုံခဲ့သော ခရီးသွားများက ဆိုသည်။**

ဘုရင့်နောင်ခုံးကျော်တံတား တည်ဆောက်ရေးတွင် ဘုရင့်နောင်လမ်းမကြီး လမ်းလွှဲတစ်ဖက်လျှင် ယာဉ်ကြော နှစ်ကြောစီမောင်းနှင်နိုင်သော်လည်း သမိုင်းဘူတာရုံလမ်းလွှဲတွင် ယာဉ်ကြောတစ်ကြောသာ သွားလာနိုင်ကြောင်း၊ ခုံးကျော်တံတား မဆောက်မီအချိန် ဘုရင့်နောင်လမ်းဆုံတွင် ဘုရင့်နောင်လမ်းမပေါ်ရှိ တံတားအတက် ကွေ့ကြောနှင့် ဘူတာဘက်သွား ကွေ့ကြောများ ပြိုင်တူသွားခွင့်ပြုခဲ့ပြီးမှ အတည့်ယာဉ်ကြောများ ဆန့်ကျင်ဘက် အပြိုင်သွားလာစေခဲ့ကြောင်း သိရသည်။

ခုံးကျော်တံတားတည်ဆောက်ချိန်တွင် ကွေ့ကြောနှင့် အတည့်ယာဉ်ကြော ပြိုင်တူစီး မီးနီ၊ မီးစိမ်းဖြင့် အချက်ပြလွှတ်နေကြောင်း၊ သမိုင်းဘူတာရုံလမ်းသို့ ကွေ့သည့် အင်းစိန်ဘက်မှ ဘုရင့်နောင်လမ်းမအတွင်း လာသော ကွေ့ယာဉ်ကြောများ နည်းသည့်အတွက် ရန်ကုန်မြို့ထဲသွားမည့် အတည့်သွားယာဉ်များ အပြိုင်နေရာယူကြကြောင်း၊ ထို့နည်းတူ ဘုရင့်နောင်တံတားဘက်သို့ ကွေ့မည့်ဘုရင့်နောင်လမ်းအတိုင်း မြို့ထဲမှ လာသော ကွေ့ယာဉ်ကြောများသည် အတည့်သွားယာဉ်ကြောများတွင်ပါ နေရာယူမှုရှိလာကြောင်း၊ တည့်ကြောနှင့် ကွေ့ကြောပြိုင်တူလွှတ်သည့်အခါ ဘုရင့်နောင်တံတားဘက်ကွေ့သည့် ယာဉ်ကြောတွင် ယာဉ်အဆက်မပြတ်သော်လည်း သမိုင်းဘူတာရုံဘက်ကွေ့မည့် ကွေ့ကြောဘက်ခြမ်းလွှတ်ချိန်တွင်မူ မြို့ထဲသို့သွားသည့် အတည့်သွားယာဉ်များသာ သွားလာမှုများနေကြောင်း၊ ဘုရင့်နောင်လမ်းဆုံမှ ဘုရင့်နောင်လမ်းမအတိုင်း ပွဲရုံ၊ ဈေးဘက်သွားယာဉ်ကြောများတွင် ယာဉ်သွားလာမှု မရှိဖြစ်နေတတ်ကြောင်း၊ ယာဉ်ကြောတစ်ဖက်လွှတ်လျှင် ငါးမိနစ်ဝန်းကျင်ခန့် ကြာမြင့်တတ်ရာ မိမိယာဉ်ကြောအလှည့်ကျရန် ငါးမိနစ်ဝန်းကျင် စောင့်ဆိုင်းရကြောင်း၊ ဘုရင့်နောင်လမ်းမအတိုင်း မြို့ထဲမှ အင်းစိန်ဘက်သို့ သွားသည့် လမ်းကြောင်း၌ အထူးသဖြင့် ညဘက်နှင့် ရုံးချိန်တွင် စစ်ကြောရေးမှတ်တိုင်ထိ ရှည်လျားစွာ စောင့်ဆိုင်းရကြောင်း ယာဉ်မောင်းသူများက ဆိုသည်။

ယခုအပတ်အတွင်း ဘုရင့်နောင်လမ်းဆုံမှ ယာဉ်ထိန်းရဲအချို့သည် သမိုင်းဘူတာရုံလမ်းဘက်သို့ ကွေ့မည့် ယာဉ်များမရှိဘဲ ရန်ကုန်မြို့ထဲသွားမည့်ယာဉ်များသာ ရှိချိန်တွင် လူကိုယ်တိုင်အချက်ပြပေးခြင်းဖြင့် အင်းစိန်ဘက်သွားမည့် ဘုရင့်နောင်လမ်းမကြီးအတိုင်း အတည့်သွားယာဉ်များ မီးနီပြထားသော်လည်း သွားလာခွင့်ရရှိသည့်အတွက် အချိန်ကုန် သက်သာလာသည်ဟု ဆိုသည်။

ယာဉ်ထိန်းရဲများ အပင်ပန်းခံဆောင်ရွက်ပေးခဲ့သလို ယာဉ်မောင်းများကလည်း လမ်းကြောင်းမှန်မောင်းနှင်ပါက ယာဉ်ပိတ်ဆို့ချိန် လျော့ချနိုင်မည်ဖြစ်ကြောင်း၊ လမ်းဆုံများတွင်ရှိသော အချက်ပြယာဉ်ထိန်းရုံးများ၏မလှမ်းမကမ်းရှိ ဘတ်စ်ကားမှတ်တိုင်များတွင် စည်းကမ်းမဲ့ ခရီးသည်တင်ယာဉ်များ အတင်အချလုပ်ခြင်းနှင့် မှတ်တိုင်မျဉ်းဝါကွက်တွင် ကိုယ်ပိုင်အိမ်စီးယာဉ်ငယ်များ ရပ်တန့်နေခြင်းများကိုပါ အရေးယူစေလိုသည်ဟု ခရီးသွားများက ဆိုသည်။

**(မောင်စေအောင်)**

# ထန်းတပင်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဟောပြော

**ထန်းတပင် မေ ၂၉**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မေ ၂၃ ရက်က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မျိုးထွန်းက လျှပ်စစ်အန္တရာယ်များ ကင်းရှင်းအောင် သုံးစွဲပုံ၊ သုံးစွဲနည်းနှင့် ရှောင်ရှားရမည့်အချက်အလက်များအား လက်ကမ်းစာဆောင်များဝေ၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးဟောပြောသည်။ အခမ်းအနားသို့ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာ၊ ရပ်ကွက် မီးလင်းရေးကော်မတီဝင်များနှင့် ဝန်ထမ်းများတက်ရောက်ကြကြောင်း သိရသည်။ **(ဝ၄၈)**

# လေမပွစေအောင် ဒါတွေရှောင်

**ပေါက်ပေါက်**

အစာမကြေလေပွသည့်ရောဂါသည် အဖြစ်နည်းသောရောဂါအမျိုးအစားတွင် ပါဝင်သော်လည်း မအီမလည်ဖြင့် အလွန်ခံရခက်သည့် ဝေဒနာမျိုးဖြစ်သည်။ အချို့သူများတွင် မွေးရာပါဝဋ်နာကံနာရောဂါ အဖြစ်ပါလာကြသလို အချို့ကလည်း ကျန်းမာရေးဗဟုသုတအားနည်း၍ အနေအစားမမှန်ခြင်းကြောင့် လေပွရောဂါစွဲကပ်လာကြသည်။ လေပွခြင်းကြောင့် ဗိုက်ကြီးဖောင်းပူနေတတ်ပြီး နာတာရှည်ဖြစ်လာပါက နောက်ဆက်တွဲရောဂါများအဖြစ် အသည်း၊ နှလုံးတို့ကို ထိခိုက်လာစေနိုင်သည်။ ထို့ကြောင့် လေပွခြင်းကင်းဝေးအောင် အမေရိကန်ဆေးသုတေသီများက အောက်ပါအတိုင်း အကြံပြုထားကြသည်။

**၁။ ဝမ်းမချုပ်ပါစေနှင့်**

ရေသောက်နည်းခြင်း၊ ကိုယ်လက်လှုပ်ရှားမှုမရှိခြင်းနှင့် အမျှင်ဓာတ်ပါသောအစာ စားလေ့မရှိခြင်းတို့က လေပွခြင်းကိုဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် အရွယ်ရောက်သူတိုင်း တစ်နေ့လျှင် ရေခြောက်ခွက် (သို့မဟုတ်) ရှစ်ခွက်သောက်ပါ။ ရက်သတ္တတစ်ပတ်လျှင် ငါးရက်မျှ တစ်နေ့လျှင် အနည်းဆုံး နာရီဝက်ခန့် လေ့ကျင့်ခန်းလုပ်ပါ။ အမျှင်ဓာတ်များသော အစားအစာများကို အမျိုးသမီးများ တစ်နေ့လျှင် ၂၅ ဂရမ်၊ အမျိုးသားများ ၃၈ ဂရမ်စားပါ။

**၂။ အစားအစာဓာတ်မတည့်ခြင်း**

အချို့သောသူများသည် မွေးရာပါ အစားအစာအချို့နှင့် ဓာတ်မတည့်တတ်ကြဘဲ အော့အန်ခြင်းနှင့် လေပွ၍ဗိုက်ပူဖောင်းခြင်းတို့ ဖြစ်တတ်၏။

**၃။ မြန်မြန်မစားပါနှင့်**

အစားအစာများကို မြန်မြန်ဝါးပြီးမျိုချခြင်းက ဗိုက်ထဲတွင် လေဟာနယ်များဖြစ်ကာ လေပွစေပါသည်။ ဖြည်းဖြည်းနှင့်မှန်မှန် ကြေညက်စွာဝါးမျိုချခြင်းက အစားအစာ၏ အရသာပေါ်လွင်၍ တင်းတိမ်ရောင့်ရဲစေကာ နောက်ထပ်အစာစားလိုစိတ်ကိုလည်း ချိုးနှိမ်ပေးပါသည်။

**၄။ ကာဗွန်ဒိုင်အောက်ဆိုဒ်ဖျော်ရည်များ မသောက်ပါနှင့်**

လတ်လတ်ဆတ်ဆတ် သစ်သီးဖျော်ရည်သောက်သုံးခြင်းက အရသာရှိသလို အာဟာရလည်းဖြစ်စေမှာပါ။ သို့သော် တာရှည်ခံအောင် ကာဗွန်ဒိုင်အောက်ဆိုဒ်ထည့်သွင်း၍ ပြုပြင်ထားသော သစ်သီးဖျော်ရည်များနှင့် အမြှုပ်တစီစီထနေသော အသင့်သောက်အချိုရည်များသည် လေပွ၍ဗိုက်ပူစေတတ်၏။ ပင်စိမ်းရွက်လက်ဖက်ခြောက်ခတ်၍ သောက်သုံးခြင်းက ပူရှိန်းရှိန်းအရသာဖြင့် အစာကြေပြီး လန်းဆန်းပေ့ါပါးလာစေသလို ဝမ်းဗိုက်အဆီများကိုလည်းချပေးပါသည်။

**၅။ ပီကေလျှော့စားပါ**

ပီကေဝါးခြင်းသည် လေများကိုမျိုခြင်းဖြစ်၍ ဗိုက်ပွစေသည်။ အကယ်၍ ပီကေစွဲလမ်းနေပါက အမျှင်ဓာတ်များသော သစ်သီးဝလံ(သို့မဟုတ်) အဆီဓာတ်နည်းသော ပြောင်းဖူးပေါက်ပေါက်တို့ဖြင့် အစားထိုးဝါးစားပါ။

**၆။ သကြားမစားပါနှင့်**

အချိုဓာတ်ရစေရန် သကြားဖြင့်ပြုပြင်ပြောင်းလဲထားသော မုန့်မျိုးစုံနှင့် အချိုရည်တို့ကို တစ်နေ့ နှစ်ကြိမ်ထက် ပိုမစားသင့်ပေ။

**၇။ ဆိုဒီယမ်လျှော့စားပါ**

လူတစ်ဦးသည် တစ်နေ့လျှင် ဆိုဒီယမ် ၅၀၀ မီလီဂရမ်ထက် ပိုမစားသင့်ပါ။ တာရှည်ခံအောင် ပြုပြင်ထားသော အသားဘူး၊ သစ်သီးဘူးအပါအဝင် စည်သွတ်ဘူးအမျိုးမျိုးနှင့် အေးခဲအောင်ပြုလုပ်ထားသော အစားအစာများတွင် ဆိုဒီယမ်ဒြပ်စင်ပါဝင်လေ့ရှိသည်။

**၈။ လေပွစာများကို ရှောင်ပါ**

လေပွခြင်းကို အားပေးသောအစာများဖြစ်သည့် ဘရိုကိုလီ၊ ပဲပြုတ်၊ ပဲပင်ပေါက်၊ ဂေါ်ဖီ၊ ပန်းဂေါ်ဖီ၊ ဖရဲသီး၊ သခွားသီး၊ ချဉ်ပေါင်ရွက်၊ ကင်ပွန်းချဉ်ရွက်၊ ဘဲငန်းသား စသည့်အအေးစာတို့ကိုရှောင်ပါ။

**၉။ နည်းနည်းနှင့် မကြာမကြာစားပါ**

တစ်နေ့တာအတွက် ထမင်းကြီး သုံးနပ်အစား တစ်နေ့လျှင် ခြောက်ကြိမ်မျှ မကြာခဏအဆာပြေရုံစားပေးခြင်းဖြင့် ဗိုက်အောင့်လေပွခြင်းမှ သက်သာစေသည့်အပြင် သွေးထဲရှိ သကြားပမာဏနှင့် ကိုယ်အလေးချိန်တို့ကိုပါ ထိန်းသိမ်းရာရောက်ပါသည်။

**၁၀။ လေနိုင်စာများကိုစားပါ**

ချင်း၊ နာနတ်သီး၊ ဒိန်ချဉ်၊ ချိစ်နှင့် တရုတ်နံနံပင်တို့တွင် သဘာဝ Probiotics (ခေါ်) အစာကြေအကျိုးပြု ဗက်တီးရီးယားများပါရှိသဖြင့် ယင်းတို့ကို လေနိုင်ဆေးဓာတ်စာအဖြစ် မှီဝဲသင့်ပါသည်။

LCCI(UK)သင်ရိုးညွှန်းတမ်းအတိုင်း ရှာနှန်းပြည့်
U Sann Aung ( B.Com, CPA, Ex Chief Accountant )
LCCI ACCOUNTING COURSE
Level 1&2 8 JUNE ; Level 3 12 JUNE
USA COMMERCIAL SCHOOL

ကွန်ပျူတာခါတ်ပုံပြုပြင်/ရိုက်ကူး
ဆိုင်ဖွင့်ရန် သီးသန့် သင်တန်း

ခြေလှမ်းတိုင်းရတနာခါစီ
ဒေါ်အောင်ဆန်းစုကြည်
(ဒုတိယတွဲ၊ ဒုတိယခြေလှမ်း ဆက်လက်ဆက်လက်လျှောက်လှမ်းလာပါပြီ။)
နေခြည်ဗေယျ မှတ်တမ်းတင်သည်
စာအုပ်ဆိုင်တိုင်းမေးဝယ်ပါ။ ဖုန်း ၀၉-၇၃၀ ၄၅၈၃၅

မြန်မာနိုင်ငံအရပ်ရပ်မှ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးကျောင်းသူ/ကျောင်းသားများအတွက်
• နိုင်ငံတကာတက္ကသိုလ်ကြီးများမှ ဆီးမြင့်သော ကွန်ပျူတာသိပ္ပံတွဲ၊ အင်ဂျင်နီယာ သိပ္ပံတွဲ၊ စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုတွဲ၊ ဝိမ်းတီကွင် ထုတ်လုပ်မှုတွဲ့များ
• ရာသီဥတုအေးချမ်းပြီး ဆိတ်ငြိမ်၍ ပညာသင်ကြားရန် အကောင်းဆုံးသော ပြင်ဦးလွင်မြို့နယ် ရတနာပုံဆိုင်ဘာစီးတီး
• တက္ကသိုလ်ပုံစံစာသင်ဆောင်များ၊ ကျောင်းသူ/ကျောင်းသားများဖြင့် ဖွဲ့စည်းသော Campus Life Style
MCC.i
• နိုင်ငံတကာအဆင့်ဖြစ်စေရန်နိုင်ငံခြားသားဆရာများဖြင့် အုပ်ချုပ်သင်ကြားသော မြန်မာနိုင်ငံ၏ တစ်ခုတည်းသော Institute
• အင်္ဂလိပ်စကား ပြောတတ်စေရန်၊ Native Speaker နိုင်ငံခြားသားများဖြင့် စာသင်ခန်းတွင်း/စာသင်ခန်းပြင်ပ ပြောဆိုနိုင်ရန် စီစဉ်ထားခြင်း။
• အားကစား၊ အနုပညာ၊ လူမှုပတ်ဝန်းကျင်တွင် သဘာဝကျကျနားလည် ကျွမ်းကျင်မှုများအပြင် ဘဝကိုရင်ဆိုင်နိုင်စေရေးအတွေ့အကြုံများ။
MCC Training Institute (Yatanarpon Campus) - Tel : 02-5178112, 02-5178132, 02-5178113, 02-5178114, 09-43104988, 09-43104966

**သားအဖြစ်မှ စွန့်လွှတ်ခြင်း**

ကျွန်မဒေါ်သိန်းနွဲ့၏ သားဖြစ်သူ မောင်ဇော်မင်းလှိုင် [၁၂/သကတ(နိုင်) ၁၂၂၄၂၀] ကိုင်ဆောင်သူသည် မိဘနှင့် ညီအစ်ကိုမောင်နှမများ၏ ပြောဆိုဆုံးမမှုကို လုံးဝနာခံလိုက်နာခြင်းမပြုဘဲ မိသားစုအတွင်း စိတ်ဆင်းရဲအောင် ပြုလုပ်ခဲ့ပါသဖြင့် ၎င်းအား သားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဒေါ်သိန်းနွဲ့**

**[၁၂/သကတ(နိုင်)၀၁၆၉၁၉]**

သွေးသည် အသက်

KBZ BANK

# ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၀၈)ဘဏ်ခွဲမြောက်

# မန္တလေး(၈၃)လမ်းဘဏ်ခွဲ ကို

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ် တွင်

၃၀.၅.၂၀၁၃ (ကြာသပတေးနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

**သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

ဆက်သွယ်ရန်လိပ်စာ

**မန္တလေး(၈၃)လမ်းဘဏ်ခွဲ**

အမှတ်(၁၅၂)၊ (၈၃)လမ်း၊ ၂၀ × ၂၁လမ်းကြား၊ ပုလဲငွေရောင်ရပ်ကွက်
အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

ဖုန်း – (၀၂) ၃၀၇၀၃၊ ၃၀၇၀၄၊ ၃၀၇၀၅

ဖက်စ် – (၀၂) ၃၀၇၀၁၊ ၃၀၇၀၂

**www.kbzbank.com**

## ဂုဏ်ယူဖွယ်ရာမြန်မာဘုန်းတော်ကြီး ဆရာတော်ဒေါက်တာနန္ဒမာလာဘိဝံသ၏ ကျင့်စဉ်များ





[illegible]

သတင်းအချက်အလက်များ

[illegible]

---

# ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုခေါ် ဆိုခြင်း

နှစ်ပေါင်းများစွာ သီလမြဲစွာ စောင့်ထိန်း၍ ဖေဖေ့ အမေရိကန်နိုင်ငံရောက်

## ဦးကြည်ဝင်းလှိုင် + ဒေါက်တာဒေါ်မိမိလေး

သား--မောင်သူရိန်မင်းလှိုင် မိသားစုတို့မှ

အိန္ဒိယနိုင်ငံ ၊ကိုးလ်ကတ္တားမြို့၊ဗောဓိသုခပရိယတ်တိမြန်မာကျောင်းဆရာတော် ဒေါက်တာနန္ဒာဘာသ ဦးစီးဆောင်ရွက်လျက်ရှိသော ဂယာမြို့ရှိမဟာဗောဓိပရိယတ်တ မြန်မာကျောင်းတိုက်ကြီး၏ ပထမဦးဆုံးဗောဓိရုက္ခမူလ( ၅ )ထပ်ကျောင်းဆောင်ကြီး ဆောက်လုပ်ရာတွင် ၁၅ ပေ × ၁၉ ပေအကျယ်အခန်း ( ၁ ) ခန်းအတွက်လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ( ၇၀၀၀ ) တိတိကို လှူဒါန်းပါဝင်သောကြောင့် ဝမ်းမြောက် ဝမ်းသာစွာဖြင့် သာဓုခေါ်ဆိုအပ်ပါသည်။ မေတ္တာဖြင့်

ဆရာတော်ဒေါက်တာနန္ဒာဘာသ

---

## အာဇာနည်ဗိမာန်အား အများပြည်သူများ လေ့လာဂါရဝပြုနိုင်ရေးအတွက် ဖွင့်လှစ်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်အား ယဉ်ကျေးမှုဝန်ကြီးဌာနထံမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ၂၂-၂-၂၀၁၃ ရက်တွင် လွှဲပြောင်းရယူပြီး ဖြစ်ပါသည်။

အာဇာနည်ဗိမာန်အား ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်များအရ အများပြည်သူများ လေ့လာ/ဂါရဝပြုနိုင်ရေးအတွက် ၁-၆-၂၀၁၃ရက်မှစ၍ အောက်ပါအတိုင်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) တနင်္လာနေ့တိုင်းနှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များမှအပ ကျန်ရက်များတွင် နေ့စဉ် ဖွင့်လှစ်ပါမည်။

(ခ) ဖွင့်ရက်များတွင် နံနက် ၈း၀၀နာရီမှ ညနေ ၁၇း၀၀နာရီအထိ ဖွင့်လှစ်ပါမည်။

(ဂ) ဝင်ကြေး လူကြီးတစ်ဦးလျှင် ၂၀၀ိ/-နှင့် ကလေးတစ်ဦးလျှင် ၁၀၀ိ/-နှုန်း ကောက်ခံသွားပါမည်။(ကျောင်းသားများ မူလတန်းမှတက္ကသိုလ်)ကျောင်းသားကတ်ပြားဖြင့် အခမဲ့ဝင်ခွင့်ပြုပါမည်။

(ဃ) နိုင်ငံခြားသားတစ်ဦးလျှင် US ၃ဒေါ်လာနှုန်း ကောက်ခံပါမည်။

(င) အာဇာနည်နေ့တွင် မည်သူမဆို အခမဲ့ဝင်ခွင့်ပြုပါမည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---


"Don't Worry, Just Speak!!!"

**NELC**
Nelson English Language Centre

Age 3 to 5
- Pre-School

Age 6 to 15
- Young Learners (Sat,Sun)

Opening in June

ရန်ကုန် 01-526 311, 236 517, 501 947, 8550 727 မန္တလေး 02-658 52, 09-91 023 900
Website : www.nelc-centres.com Email : nelchocentre1@gmail.com

---

**MTI** MYANMAR THAMES INTERNATIONAL

နိုင်ငံတကာအဆင့်မီ စီးပွားရေးနှင့်စျေးကွက် စီမံခန့်ခွဲမှု ဒီပလိုမာသင်တန်း

Diploma In Business (L3,L4,L5)

NCC ACCREDITED PARTNER

2nd Floor, Myay Ni Gone Plaza, Tel: 525971,706740,501450

---

ဒေါ်သီတာဦး
B.Com (Q), CPA, Dip IFR

**LCCI I,II&III**

Level - I,II
(B) Sun 8 - 12 am (9 June)
(C) Sun 1 - 5 pm (16 June)
(D) Sat - Sun 6 - 8 pm (22 June)

Level - III (17 June)
(A) Mon to Fri 6 - 8 pm
(B) Mon to Fri 9 - 12 am

No.(68),5 Ph-09: 730 59553 ; 09: 51 78297

---

မိုးသောက်ပန်းအဆင့်မြင့်မူကြို
(၁၉၉၄-ခုနှစ်တွင် တည်ထောင်သည်)
"ဘယ်နေ့ပဲ တက်တက်၊ ဘယ်အချိန်ပဲ တက်တက် နေရာတိုင်းမှာ သင့်ရင်သွေးငယ်အတွက် မိုးသောက်ပန်း ရှိနေမယ်"
နံနက်(၉း၀၀)နာရီမှ(၃း၀၀)နာရီအထိ
(1) Juntion ဝင်းနေဆီး Ph:571545, 09-5126882
(2) Ph:200917,09-43122884
(3) Ph:566592,09-421008133

---

လိပ်ခေါင်းစေ့ဆံရှင်များအတွက်သတင်းကောင်း

ဆက်သွယ်ရန်ဖုန်း - ၀၉-၇၃၀၂၉၇၅၅

---

ခရုံမြို့သစ်
(အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း)
မြေကွက်များ ဝယ်လိုသည်။
09 7325 2524
09 7349 4350
09 730 90 100


---

## စာအုပ်စာပေ လူမိတ်ဆွေ

### ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ တစ်ဦးတည်းပိုင် ကုန်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။

**ရတနာပလ္လင်**

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို အရောင်အသွေးအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ စာလုံး(font)ပုံစံအမျိုးမျိုးဖြင့်ပြုလုပ်၍ "အမျိုးအမည်များကို" ထုပ်ပိုးမှုပုံစံအမျိုးမျိုးဖြင့် မြန်မာပြည်တစ်ဝန်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် အသုံးပြုလျက်ရှိသည့်အပြင်၊ ဖော်ပြပါ အမျိုးမျိုးကို ထုပ်ပိုးမှုပုံစံမျိုးစုံဖြင့် မြန်မာပြည်တစ်ဝန်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင်လည်း အသုံးပြုလျက်ရှိသည်။

မည်သူမဆို အဆိုပါကုန်အမှတ်တံဆိပ်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ၏ တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ အတုပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ တစ်နည်းနည်းဖြင့် အတုပြုလုပ်သုံးစွဲပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးသန်းဝင်း B.A. (Law), LL.B., LL.M
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၆)
MYANMAR TRADEMARK AND PATENT LAW FIRM
အမှတ်(၅၆၇)၊ အခန်း(၃၀၄)၊ တတိယထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
E-mail: mtpip@mptmail.net.mm
ဖုန်း-၃၇၆၃၁၈။

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးတင်စိုး(ငြိမ်း)
### ကြည်း-၇၈၇၃၊ D.S.A အမှတ်စဉ်(၁)
### အသက်(၇၈)နှစ်

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁)တွင် (၁၉၅၅-၅၉) လေးနှစ် အတူတကွ တက်ရောက်ခဲ့သော သူငယ်ချင်း ဗလ-၁၈၊ တပ်စု(၁)မှ ဒုတိယဗိုလ်မှူးကြီး တင်စိုးသည် ၂၈-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သူငယ်ချင်း ကျောင်းဆင်းအရာရှိများ**
**စစ်တက္ကသိုလ် အမှတ်စဉ်(၁)**

---

## ဦးထွန်းလွင် (၆၂)နှစ်
### B.Econ (P.D)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးဘစီ-ဒေါ်ရှုရင်)တို့၏ သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း၊ (၁၀)မိုင်၊ ကျောင်းလမ်း (၉၂၁/ဘီ)နေ (ဗိုလ်ကြီးမျိုးလွင်)-ဒေါ်သိန်းသိန်းမြိုင်တို့၏သားသမက်၊ ဦးသိန်းထွန်း-ဒေါ်လှလှရင်တို့၏မောင်၊ (ဦးဝင်းမောင်)၏ ညီ၊ ဦးတင်လှိုင်-ဒေါ်တင်တင်ရီ၊ ဦးတင်ထွန်း-ဒေါ်စမ်းစမ်းရီ၊ ဦးခင်မောင်ဦး-ဒေါ်မြင့်မြင့်ဝင်း၊ ဦးအေးမြင့်-ဒေါ်မာမာလွင်၊ ဦးကျော်မင်း-ဒေါ်သဇင်ဦးတို့၏ အစ်ကိုကြီး၊ တူ/တူမ ၁၂ ယောက်တို့၏ ဘကြီးသည် ၂၆-၅-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ခရစ်တော်၌အိပ်ပျော်ခြင်း
## Daw Thawng Man Mang
### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ လမ်းကျယ်၊ တိုက်(၁၈/အေ)၊ အခန်း(၆/ဘီ)နေ (U Khup Za Cin Philip-Daw Niiang Za Dim) တို့၏ သတ္တမမြောက်သမီး၊ Daw Dim Lam Cing- (U Ngun Uk)၊ Daw Vung Zam Niang - U Nang Gin Dal၊ Daw Ciin Man Niang - U Khup Khan Thang၊ Daw Gin Lian Cing- ဦးအေးသွင်၊ (Daw Cing Khawm Vung)၊ Daw Thawng Khan Lun-ဦးခင်ဇော်တို့၏ညီမ၊ Daw Cing Suan Mang- ဦးအောင်မြင့်၊ U Thawng Thawn Mung - Daw Niang Neih Dim၊ U Khai Kim Thang - Daw Pau Za Dim၊ Daw Ciin Kom Kim - U Thang Cin Pau၊ Tg Gin Sian Tan တို့၏အစ်မ၊ Lia Dim Suan Lian ၏မွေးသမိခင်သည် ၂၉-၅-၂၀၁၃ရက် နံနက် ၇နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၁-၅-၂၀၁၃(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်နှင့် TBC-Y ဘုရားရှိခိုးကျောင်း၊ မောနွေလဘုရားကျောင်း၊ ယုဇနပိတောက်ကွေ့မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးဝင်းလှိုင်အောင်
### (နောင်ရိုး၊ နှင်းဝေလွင် ဧည့်ရိပ်သာနှင့် စားသောက်ဆိုင်)
### အသက်(၄၀)

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ် (၃၅)၊ မဟာဗန္ဓုလလမ်း၊ (နောင်ရိုး၊ နှင်းဝေလွင် ဧည့်ရိပ်သာနှင့် စားသောက်ဆိုင်)နေ ဦးအောင်ခ-ဒေါ်ခင်သန်းတို့၏သား၊ ရန်ကုန်မြို့နေ ဦးစောတူးဖော-ဒေါ်ရီရီဝင်းတို့၏သားသမက်၊ ဦးဝင်းနိုင်-ဒေါ်မိမိခိုင်(နောင်ရိုး-၁)၊ ဦးစောလင်း (အထွေထွေမန်နေဂျာ၊ ရန်ကုန်မြို့တော်စည်ပင်ဂေါက်ကွင်း)-ဒေါ်ချိုမာဝင်းကြည်၊ ဒုတိယဗိုလ်မှူးကြီး သန့်ဇင်အောင်(ငြိမ်း)-ဒေါ်နန်းဆီနွမ်းတို့၏ညီ၊ ဒေါက်တာပြည့်ဖြိုး-ဒေါက်တာနှင်းနှင်းအောင်တို့၏အစ်ကို၊ ဒေါ်လေးလေးနွယ်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်ထက်ပိုင်၊ မမေသရဖီခိုင်တို့၏ဖခင် ဦးဝင်းလှိုင်အောင်(နောင်ရိုး၊ နှင်းဝေလွင်ဧည့်ရိပ်သာနှင့် စားသောက်ဆိုင်)သည် ၂၉-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၁၃(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ သရောင်းချောင်း သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၁၃(အင်္ဂါနေ့) နံနက် ၆နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ရဟန်းဒါယိကာမကြီး
## ဒေါ်နှင်းရီ (၉၆)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ တိုက်အမှတ်(င/၂၄၈)၊ အခန်း(B-2)နေ (ဦးဖိုးကျား-ဒေါ်စိန်ဆင့်)တို့၏သမီး၊ (ဦးဘစံ)၏ဇနီး၊ ဦးသာဒင်-ဒေါ်သောင်း၊ (ဒေါ်ဝင်းတင်)၊ ဒေါ်တင်နွယ်၊ (ကိုကျော်ဆန်း)၊ (ကိုချမ်းသာ)၊ [ကိုကျော်မြင့်(ခ)ပေါကြွယ်]တို့၏ မွေးသမိခင်၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၉-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၃(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်မန်းမာယာ (၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ်(၄၁၇)နေ (ဦးအေဘီသားပါး-ဒေါ်ဂန်ဂါမာယာ)တို့၏သမီးကြီး၊ (ဦးစီဘီသားပါး)၏ ဇနီး၊ ဦးရှ(ပ်)ဗဟာဒူး-ဒေါ်ပါပသီ (PAPUA NEW GUINEA)၊ (ဦးတင်ဦး)-ဒေါ်ဘီ(စ်)နူးမာယာ၊ (ဦးမန်းဗဟာဒူး)၊ ဒေါ်ကမလာဒေဝီ (J.A.T အထက-၅၊ မရမ်းကုန်း)တို့၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး၊ ကိုအာကာငြိမ်း-မနီလာဝင်း (AUSTRALIA)၊ ကိုရဲမြင့်သန့်(AUSTRALIA)၊ မဖြူဖွေးအောင်(AUSTRALIA)တို့၏ အဘွား ဒေါ်မန်းမာယာသည် ၂၇-၅-၂၀၁၃ (တနင်္လာနေ့) နံနက် ၁း၅၅ နာရီတွင် O.S.C ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၃(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂-၆-၂၀၁၃(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ဆန်းညွန့်(ထားဝယ်)
### အသက်(၇၀)

တနင်္သာရီတိုင်းဒေသကြီး၊ ဆန်းချိုရပ်၊ ထားဝယ်မြို့နေ (ဦးဘရှင်-ဒေါ်နှင်းရီ)တို့၏သမီး၊ ရခိုင်ပြည်နယ်၊ ဖက်လိပ်ကျေးရွာနေ (ဦးဖိုးညွန့်-ဒေါ်ညွန့်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ ပိတောက်ရွှေဝါ(၂)လမ်း၊ အမှတ်(၇)နေ ဦးအောင်(ဝင်းဘက်ထရီအက်စစ်)၏ဇနီး၊ ဦးဝင်းသန်း၊ ဦးငွေနိုင်-ဒေါ်မေမေသိန်း၊ ဦးရဲအောင်-ဒေါ်အိရွှေစင်၊ ဦးရဲနိုင်ကျော်-ဒေါ်ဇာနည်ဝေ၊ မမြမြခိုင်တို့၏ မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏အဘွား ဒေါ်ဆန်းညွန့်သည် ၂၉-၅-၂၀၁၃ရက် နံနက် ၉း၄၅ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၃ ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးသိန်းလှိုင်(ခ)ဆရာသိန်း
### အသက်(၄၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့၊ (၇)ရပ်ကွက်နေ ဦးချစ်ထွန်း-ဒေါ်မြသန်းတို့၏တစ်ဦးတည်းသောသား၊ [ဦးတင်ဦး(ရုံပိုင်ကြီး-ငြိမ်း)]-ဒေါ်ခင်လှ (ကျောင်းဆရာမ)တို့၏ သားသမက်၊ ဒေါ်ခင်မာချို-ဦးတင်လှိုင်၊ ဒေါ်သိန်းသိန်းနွယ်-ဦးမင်းမင်းထက်တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းရေတွင်းလမ်း၊ အမှတ်(၁၀)နေ ဒေါ်နွဲ့နွဲ့ရီ (အထက်တန်းသူနာပြု)၏ ခင်ပွန်း၊ မညိုလင်းမွေ့(Y 2 K)၏ဖခင်သည် ၂၉-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၃(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်အေး(သန်လျင်)
### ဒု/ညွှန်ကြားရေးမှူး(ငြိမ်း)
### ဒု-ကျောင်းအုပ်ကြီး၊ပညာလေ့ကျင့်နယ်စပ်စည်ပင်သင်တန်းကျောင်း
### အသက်(၇၄)နှစ်

သန်လျင်မြို့၊ စစ်ပင်ကွင်းနေ (ဦးချစ်တင်-ဒေါ်သန်းစိန်)တို့၏သား၊ သန်လျင်မြို့နေ (ဦးဆန်းအောင်-ဒေါ်ခင်တင့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁) ရပ်ကွက်၊ ကြာပဒုမ္မာလမ်း၊ အမှတ်(၁၂၈၇)နေ ဒေါ်သန်းတင်(ယာဉ်/စက်-ခရီးသည်ပို့ဆောင်ရေးဌာန)၏ခင်ပွန်း၊ ဦးဘစိုး-ဒေါ်စန်းခင်တို့၏မောင်၊ (ဦးညီညီလင်း)၊ ဒေါ်ကြည်ကြည်ခင် (မြန်မာနိုင်ငံသားများဘဏ်)၊ ဦးမောင်မောင်-ဒေါ်ခင်စန်းကြွယ်(ဝေါမြို့)၊ ဦးစိန်နွဲ့-ဒေါ်ယဉ်ငွေ (စစ်ပင်ကွင်း)၊ ဦးမြလင်းဗိုလ်-ဒေါ်အေးအေးသန့်၊ ဦးအောင်ခင်ဇော်၊ ဒေါ်အမာညွန့်တို့၏အစ်ကို ဦးမြင့်အေးသည် ၂၈-၅-၂၀၁၃ရက် ည ၉း၂၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ်(၁၂၈၇)၊ ကြာပဒုမ္မာလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံ နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်ငွေ
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်/အရှေ့ရပ်ကွက်၊ ရေတွင်းကုန်း(၂)လမ်း၊ အမှတ်(၄)၊ မြေညီထပ်နေ (ဦးအုန်းမောင်-ဒေါ်ခင်ရီ)တို့၏သမီး၊ (ဦးဘဟိန်-ဒေါ်ခွေး)တို့၏ သမီးချွေးမ၊ ကိုလှမိုး-မဖြူဖြူခိုင်၊ ကိုဇော်မင်းနိုင်-မဆုဝေလှိုင်၊ ကိုမြင့်သန်းငွေ-မသီသီမာ၊ ကိုလင်းခန့်ပိုင်-မစန်းစန်းဝင်း၊ ကိုမျိုးမြင့်ကျော်-မအိသီရိအောင်တို့၏ မိခင်၊ မြေးကိုးယောက်တို့၏အဘွား၊ ဦးဝင်းထိန်၏ချစ်လှစွာသောဇနီးသည် ၂၈-၅-၂၀၁၃(အင်္ဂါနေ့) ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၃ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၆-၂၀၁၃ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးဒဘိခ်ကုန်း(ခ)လှမိုး
### မြို့နယ်သ/မဦးစီးအရာရှိ(ငြိမ်း)
### အသက်(၆၂)နှစ်

ချင်းပြည်နယ်၊ ဟားခါးမြို့၊ ဈေးသစ်ရပ်ကွက်နေ (ဦးလွယ်ကုန်း)-ဒေါ်အုန်းကြည်တို့၏ သားကြီး၊ ညီအစ်ကိုမောင်နှမ ၁၁ယောက်တို့၏ အစ်ကိုကြီး၊ ဟားခါးမြို့၊ ဈေးသစ်ရပ်ကွက်နေ ဒေါ်ရွှေလှေးဆုန်၏ ချစ်လှစွာသောခင်ပွန်း၊ Pastor Tluang UK Thang-Pi Sui Hniar, Ma Su Zi Lyn, Ma Rosy Iyn, (Ma Tin Sy Moe), Joshua Bawi Thawng Kung, Jacop Ceu Bik Kung တို့၏ ချစ်လှစွာသော မွေးသဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၉-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၁နာရီတွင် ဟားခါးမြို့၊ ဈေးသစ်ရပ်ကွက်နေအိမ်၌ ခရစ်တော်တွင်အိပ်ပျော်သွားပါသဖြင့် ၂၉-၅-၂၀၁၃ရက်တွင် ကျော်ဘုတ်ခရစ်ယာန်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးများအား အသိပေး အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## မောင်ဝေယံကျော်
### (ပုလောမြို့)
### ပြည်တွင်းအခွန်ဦးစီးဌာန(ပုလော)
### အသက်(၂၆)နှစ်

ပုလောမြို့၊ (၃) ရပ်ကွက်၊ ဗထူးလမ်း၊ အမှတ်(၂၇)နေ ဦးကျော်လွင်-ဒေါ်တင်ဝင်းတို့၏ တစ်ဦးတည်းသောသား၊ ကိုရန်နိုင်ထွန်း-မဟေမာလွင်၊ ကိုမိုးမင်းဇော်-မဝင်းလဲ့ချိုတို့၏မောင်၊ မစုမြတ်လွင်၏ အစ်ကိုသည် ၂၉-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၂း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၃ (သောကြာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒုတိယဗိုလ်မှူးကြီးခင်မောင်ညို(ငြိမ်း)
### ကြည်း-၆၉၃၉
### အသက်(၈၄)နှစ်

ရန်ကုန်မြို့နေ (ဦးမောင်မောင်ကြီး-ဒေါ်အမာ)တို့၏သား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နေ (ဦးဖိုးထီ-ဒေါ်ညို)တို့၏သားသမက်၊ အမှတ်-၂၉/၉၁၊ စပွါယ်လမ်း၊ ဝန်ထမ်းကြီးများရပ်ကွက်၊ ရွှေပြည်သာမြို့နယ်နေဒေါ်ကစ်တီ(ဒေါ်ခင်သန်းကြည်)၏ ခင်ပွန်း၊ ဒေါ်ဥမ္မာညို(သုတေသနနှင့်ဖွံ့ဖြိုးရေးဗဟိုဌာန)၊ ဦးသတိုးအောင် (ဒုညွှန်ချုပ်၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန) - ဒေါ်သီတာညို [အထက(၈)နန်းမြို့]၊ ဒုတိယဗိုလ်မှူးကြီးတိုးလွင်-ဒေါက်တာမာလာညို(သမိုင်းဌာန) ရွှေဘိုတက္ကသိုလ်၊ ဦးကိုကိုအောင်-ဒေါ်ဖြိုးဖြိုးလွင်၊ ဦးပြည်စိုး[မန်နေဂျာ၊ Royal Crown Hotel]-ဒေါ်အေးမြကျော်(ပြည်တွင်းအခွန်)တို့၏ဖခင်၊ ဗိုလ်ကြီးကျော်ညိုလွင် (M. Med.Sc 1st year Anaes thesiology)၊ မယုသီရိဗို၊ မဖြိုးသက်ထားအောင်၊ မဖြိုးသော်တာအောင်၊ မောင်နေထက်နိုင်၊ မမေမြတ်နိုးလွင် (Sweety)၊ မောင်ကျော်လင်းဖြိုးတို့၏အဘိုးသည် ၂၈-၅-၂၀၁၃(အင်္ဂါနေ့) နံနက်၄နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၃၀-၅-၂၀၁၃(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (တိုက်အမှတ်-၁/R/Z.01 ကပစအရာရှိရိပ်သာ၊ ကမ္ဘာအေးနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၆-၂၀၁၃ (စနေနေ့) နံနက် ၉ နာရီမှ ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ခရစ်တော်၌အိပ်ပျော်ခြင်း
## နော်မိုးတေးလား (၈၉)နှစ်
## (Mrs.Roger)(သံတောင်ကြီး)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၃၅)၊ ရွှေစင်(၁)လမ်း၊ (၄၄/၂၁၁)နေ (ဦးရှော်နီ-နော်ကြီး)တို့၏ တစ်ဦးတည်းသောသားသမီး၊ (ဦးစောရောဂျာ)၏ချစ်ဇနီး၊ (နော်ဘလက်ဇင်း-စောလင်းရွှေ)၊ နော်ဖောဝါး (မြန်မာနိုင်ငံခရစ်ယာန်စာပေအသင်း၊ MCLS)၊ (နော်ဘွေဖော-စောသာဝင်း)၊ စောဂျော်နီ(ဝိညာဉ်ရိပ်သာဌာန)-နော်ရှီးလာ၊ နော်အဲဗလင်း-ဦးစန်းလွင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ၂၃ ယောက်တို့၏အဖီး၊ မြစ် ၁၄ယောက်တို့၏ ဖီးဖီးကြီးသည် ၂၈-၅-၂၀၁၃ (အင်္ဂါနေ့) ညနေ ၄း၃၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၀-၅-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဗိုလ်မှူးဗထူးလမ်းမ၊ ဗညားဒလမှတ်တိုင်မှ ကားများ နံနက် ၉း၁၅နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

---

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်လော်နာဒါဝဒ် (၇၅)နှစ်
## (Mrs. R.William Lowe)
### မူလတန်းပြ(ငြိမ်း)
### စိန့်ဖလိုမီးနားနှင့်အထက(၂)စမ်းချောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် (၄၄၄/ခ)၊ မြရတနာ(၁)လမ်းနေ (ဦးမောင်မောင်ဒွေး-ဒေါ်ဒေါ်အုန်း)တို့၏သမီး၊ (ဦးဘော်ဘီ)၏ဇနီး၊ ခရစ္စတင်း-ဦးမျိုးမင်း(U.S.A)၊ ခရစ္စတီဘဲလ်-ဦးမောင်စိုး(U.S.A)တို့မိခင်၊ မြေးသုံးယောက်တို့၏အဘွား၊ (ဦးကားလ်စိန်ဝင်း)-ဒေါ်စိန်စိန်၊ (ဒေါ်ဂလိုရီယာ ခင်စန်းမြင့်-ဦးကျော်ဇံ)၊ ဒေါ်အလ်မာ (လယ်/စိုက်/ရှင်း-ငြိမ်း)၊ ဒေါ်ဆီလ်ဘဲလ်-ဦး F ထွန်းလွင်၊ (ဒေါ်ဂျင်နီ-ဦးမြသန်း)၊ ဦးမောရစ်-(ဒေါ်နော်ဂေါလေး)တို့၏ ညီမ/အစ်မ၊ တူ/တူမ ၁၀ ယောက်တို့၏ အဒေါ်သည် ၂၉-၅-၂၀၁၃ရက် နံနက် ၈း၃၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ခရစ်တော်တွင်အိပ်ပျော်သွားပါသဖြင့် ၃၁-၅-၂၀၁၃ (သောကြာနေ့) နံနက် ၉နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံဥယျာဉ် ဝတ်ပြုဆောင်၌ ဝတ်ပြုပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ရဟန်းဒါယကာကြီး
## ဦးကျော်မြင့်(ခ)ဦးဖိုးတလုပ်
### (မအူပင်/ရေလဲ)
### အသက်(၆၃)နှစ်

မအူပင်မြို့၊ ဘုရားလမ်းနေ (ဦးလူလေး-ဒေါ်မြရှင်)တို့၏သား၊ [ဦးကျော်အုန်း-ဒေါ်သန်းတင် (ဇင်ယော်မသန်းတင် ဆေးလိပ်ခုံ)]တို့၏တူ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေအုန်းပင်အိမ်ရာ(၁)၊ တိုက်(၁၃)၊ အခန်း(၁၂)နေ (ဒေါ်ခင်ခင်)၊ (ဦးလှဝင်း)-ဒေါ်လှမြင့်၊ (ဦးသိန်းထွန်း)၊ ဒေါ်ခင်မြင့်တို့၏မောင်၊ တူ/တူမ ရှစ်ယောက်တို့၏ ဦးလေး ဦးကျော်မြင့်သည် ၂၈-၅-၂၀၁၃ရက် ညနေ ၆ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
## ဒါယိကာမကြီး
## ဒေါ်ငွေမြင့်(တောင်တွင်းကြီး)
### အသက်(၆၆)နှစ်
### SMT ဆောက်လုပ်ရေး အင်ဂျင်နီယာဂရု(ပ်)၊ မြောက်ဒဂုံ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ်(၃၄၁/၂၉)နေ ဦးတင်စိုး [ဆောက်လုပ်ရေးအင်ဂျင်နီယာ-ငြိမ်း၊ အေးရှားဝေါလ်၊ ပိုင်အိုးနီးယား၊ ရန်ကုန်လေဆိပ်၊ မြို့ပြဌာနမှူး၊ SE] [SMT အင်ဂျင်နီယာဂရု(ပ်) Director]၏ ဇနီး၊ (ဦးထွန်းရှင်-ဒေါ်ကြွေ)တို့၏ သမီး၊ (ဦးချစ်မောင်-ဒေါ်သန်းနု)တို့၏ သမီးချွေးမ၊ (ဦးအောင်သောင်း)၊ (ဦးသိန်းထွန်း)၊ ဦးတင်မောင်ထွန်း-ဒေါ်တင်လေး၊ ကိုကျော့ရှင်း-မသန်းငွေ၊ ကိုရွှေစု-မနွဲ့ကြည်တို့၏အစ်မကြီး၊ ကိုမြင့်ဇော်-မချိုချိုလွင်၊ ကိုကြည်မင်းထွဋ်-မသင်းသင်းငွေ၊ ကိုမောင်မောင်စိုး-မလဲ့လဲ့မော် (MLT - Transportation) တို့၏ မွေးသမိခင်၊ မချောမဒီစိုး၊ မောင်ညဏ်မင်းထွဋ်၊ မစုစန္ဒီလင်းတို့၏အဘွား ဒေါ်ငွေမြင့်သည် ၂၅-၅-၂၀၁၃ (သောကြာနေ့) မွန်းလွဲ ၁း၅၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၁၃ (တနင်္လာနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၃၁-၅-၂၀၁၃ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## မြို့မကျောင်းသား၊
## ကျောင်းသူဟောင်းအသင်း
## ဦးကျော်ဇော(ခ)ဦးဆန်နီ
### အသက်(၆၁)နှစ်
### မြို့မကျောင်းသားဟောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၁၄)လမ်း၊ အမှတ်(၄၁၅)နေ (ဦးသန်းအောင်-ဒေါ်ခင်မြသန်း)တို့၏သား၊ ဒေါ်စိမ်းစိမ်းရွှေ၏ခင်ပွန်းသည် ၂၈-၅-၂၀၁၃(အင်္ဂါနေ့) နံနက် ၄း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၃(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်နိုင်ပါရန် အကြောင်းကြားသိစေအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

---

## ဦးအောင်ကျော်(ခ)ဦးယုံထိုက်
### (ပုသိမ်)
### အသက်(၆၁)နှစ်

ပုသိမ်မြို့၊ အမှတ် (၂၀/၈)၊ ကုန်သည်လမ်းနေ (ဦးဝင်းကြည်-ဒေါ်ရွှေစိန်)တို့၏သား၊ ရန်ကုန်မြို့နေ ဦးမြင့်သိန်း၊ ဒေါ်မေရီတို့၏ မောင်၊ ဒေါက်တာ ဒေါ်အေးဆုမွန်၏ဦးလေး၊ [ဒေါ်သိန်းသိန်းဝင်း(ခ)မအေး]၏အစ်ကို၊ ဒေါ်မိုးမိုးခိုင်(တိတ်စိန် ပလတ်စတစ်ဆိုင်)၏ခင်ပွန်း၊ မောင်ကျော်သက်ခိုင်အေး၏ဖခင် ဦးအောင်ကျော်(ခ)ဦးအင်းထိုက်(ခ)ဦးယုံထိုက်သည် ၂၉-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၃ ရက်တွင် ပုသိမ်မြို့ ကြက်မောက်ကုန်း တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ ဇာဂရမဟာထေရ်
## သိက္ခာတော်(၄၇)ဝါ၊ သက်တော်(၆၇)နှစ်
### (လှည်းကူး)

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ မြို့မရပ်ကွက်၊ ဘုရားကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဇာဂရမဟာထေရ်အရှင်သူမြတ်သည် (၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်) ၂၄-၅-၂၀၁၃(သောကြာနေ့) ည ၉း၃၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ရက်) ၃-၆-၂၀၁၃(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမစျာပန ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ပုသိမ်မြို့ နံ့သာကုန်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်နှင့် ချောင်းသာမြို့ စကားဝါတောင် မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်တို့၏ ဦးစီးပဓာန နာယကဆရာတော်
## ဘဒ္ဒန္တ သာသန
## သိက္ခာတော်(၃၈)ဝါ၊ သက်တော်(၆၃)နှစ်

ပုသိမ်မြို့၊ အမှတ်(၈)ရပ်ကွက်၊ မဟာဗောဓိလမ်း၊ နံ့သာကုန်း မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်နှင့် ချောင်းသာမြို့၊ စကားဝါတောင် မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်တို့၏ ဦးစီးပဓာနနာယက ဓမ္မကထိက ကမ္မဋ္ဌာနာစရိယဖြစ်တော်မူသော ဘဒ္ဒန္တသာသန သိက္ခာတော်(၃၈)ဝါ၊ သက်တော်(၆၃)နှစ်ရှိ ဆရာတော်သည် (၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ရက်) ၂၈-၅-၂၀၁၃ (အင်္ဂါနေ့) ည ၁၁း၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ရက်) ၃-၆-၂၀၁၃(တနင်္လာနေ့)တွင် အန္တိမအဂ္ဂိစျာပနကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိရှိပူဇော်နိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ
နံ့သာကုန်းမိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်၊ ပုသိမ်မြို့

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကျော်သန်း (၅၉)နှစ်
### ဆွေသဟာ တည်းခိုခန်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီ အရှေ့မစိုးရိမ်ရပ်ကွက်၊ အမှတ်(၁၅/၂၇)နေ ဒေါ်တိုးတိုးမာ၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုသန်းဇော်ဦး-မသန့်သန့်ရှိန်၊ ကိုကျော်မျိုးဇော်-မမို့မို့ခင်အောင်၊ ကိုအောင်မျိုးထက်-မဝင်းအိဇင်၊ ကိုဝေဖြိုးကျော်-မခင်သန္တာ၊ ကိုထက်အာကာကျော်-မသန်းမြတ်နိုး၊ ကိုသန့်ညီညီထွေးတို့၏ မွေးသဖခင်၊ မြေးငါးယောက်တို့၏၏အဘိုး ဦးကျော်သန်းသည်၂၈-၅-၂၀၁၃ (အင်္ဂါနေ့) မွန်းလွဲ ၁၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ နေပြည်တော်ကွင်းကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအမောင်(ခ)ဦးမောင်ကြီး
### အသက်(၅၉)နှစ်
### ပွိုင့်ရွှေနေကြာ

ပြင်ဦးလွင်မြို့၊ အမှတ်(၂၂/က)ကွက်ပြင်(၆)ကန်တော်လေးနေ ဒေါ်နန်းမြမုံ၏ ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့၊ သုမင်္ဂလာအိမ်ရာနေ ကိုစိုးလင်းထိုက်-မအေးစန္ဒာအောင်(ခ)ဝိုင်း၊ ကိုစိုးနေကြာ-မသင်းနွယ်ညွန့် (Good Choice၊ ရွှေနေကြာ)၊ မေမက်မန်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ဟိန်းထက်ဇော် (ခ) Justin (Year-3 AMIS) မောင်ထက်အောင်လှိုင်(ခ) Willain (KG-B MIS) နန်းရွှေပိုးအိမ်၊ မရွှေရတီလင်းလက်တို့၏ ချစ်လှစွာသောအဘိုးသည် ၂၈-၅-၂၀၁၃ (အင်္ဂါနေ့) နံနက် ၈း၄၀နာရီတွင် စင်ကာပူနိုင်ငံ၊ မောင့်အဲလစ်စဘက်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၃ (ကြာသပတေးနေ့)တွင် ပြင်ဦးလွင်မြို့၊ ကန်တော်ကလေးနေအိမ်မှ ရှစ်မိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအမောင်(ခ)ဦးမောင်ကြီး
### အသက်(၅၉)နှစ်
### ပွိုင့်ရွှေနေကြာ

ပြင်ဦးလွင်မြို့နေ (ဦးဘသိန်း-ဒေါ်အက်စာ)တို့၏ သား၊ ပုလောမြို့နေ (ဦးပုဆြာမိ-ဒေါ်စိုင်)တို့၏ သားသမက်၊ ဦးညွန့်မောင်၊ ဒေါ်စန်း(Top နေကြာ)၊ ဦးမြသိန်း-ဒေါ်ဝင်းရီ(စံမက်မန်း)တို့၏မောင်၊ ဦးဝင်းမောင်-ဒေါ်နန်းစန္ဒာ (ပွိုင့်နေကြာ)၊ ဦးကျော်ဝင်း-ဒေါ်ဝင်းကြည်၊ ဒေါ်ဝင်းမြင့်တို့၏အစ်ကို၊ တူ/တူမ ၁၂ ယောက်တို့၏ ချစ်လှစွာသောဦးလေးသည် ၂၈-၅-၂၀၁၃ (အင်္ဂါနေ့) နံနက် ၈း၄၀ နာရီတွင် စင်ကာပူနိုင်ငံ မောင့်အဲလစ်စဘက်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၃ (ကြာသပတေးနေ့)တွင် ပြင်ဦးလွင်မြို့၊ ကန်တော်ကလေးနေအိမ်မှ ရှစ်မိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမောင်နှမတစ်စု

---

## ဦးသိန်းဆွေ B.Sc (Geology)
### အသက်(၅၈)နှစ်
### ဘူမိဗေဒအရာရှိ၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း

ပဲခူးမြို့၊ ထန်းတပင်ရပ်ကွက်၊ (၅)လမ်း၊ အမှတ်(၂၀၈၀)နေ ဦးမြမောင်-ဒေါ်ချစ်တို့၏သားကြီး၊ ကချင်ပြည်နယ်၊ နမ္မား၊ နန့်စလော့်ကျေးရွာနေ (ဦးသံချောင်း-ဒေါ်လှခင်)တို့၏သားသမက်၊ ဦးကြီးမောင်၊ ဒေါ်အေးသီတာ၊ မဥမ္မာ၊ ကိုသန့်ဇင်၊ ကိုဝင်းငွေ၊ ဒေါ်မြမြချစ်၊ ကိုကျော်မိုးခိုင်၊ မအေးသီတာတို့၏အစ်ကိုကြီး၊ မမြတ်သီရိသိန်း၏ဖခင်၊ ဒေါ်တင်မြိုင်၏ချစ်လှစွာသောခင်ပွန်း ဦးသိန်းဆွေသည် ၂၈-၅-၂၀၁၃ (အင်္ဂါနေ့) နံနက် ၈း၁၅နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ဆေးရုံမှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၆-၂၀၁၃ရက် နံနက်ပိုင်းတွင် တိုက်(၆၈)၊ အခန်း(၂၁)သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ထိုင်းဘုရင်က တော်ဝင်ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်

နေပြည်တော် မေ ၂၉

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မေ ၂၈ ရက် နံနက်ပိုင်းတွင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၌ ကျင်းပပြုလုပ်သည့် ထိုင်းဘုရင်မင်းမြတ်က ပေးအပ်ချီးမြှင့်သော တော်ဝင်ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ တော်ဝင်ဘွဲ့တံဆိပ်အား လက်ခံရယူသည်။**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မိမိတာဝန်ကို ထူးချွန်အောင်မြင်စွာ ဆောင်ရွက်နိုင်သည်သာမက မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးကို တိုးတက်အောင် မြှင့်တင်ပေးနိုင်ခဲ့သူဖြစ်သဖြင့် ထိုင်းဘုရင်မင်းမြတ်က ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မွန်မြတ်သော ဆောင်ရွက်ချက်များကို ချီးကျူးဂုဏ်ပြုသောအားဖြင့် "Knight Grand Cross ( First Class) of the Most Noble Order of the Crown of Thailand" တော်ဝင်ဘွဲ့တံဆိပ်အား ပေးအပ်ချီးမြှင့်ခြင်း ဖြစ်ကြောင်းသိရသည်။

၎င်းနောက် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တော်ဝင်ဘွဲ့ အဆောင်အယောင်စလွယ်နှင့် အဆောင်အယောင်တံဆိပ်တို့အား တပ်ဆင်ပေးပြီး ဂုဏ်ပြုနှုတ်ဆက်သည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

# ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့ တပ်ပိုင်းဆိုင်ရာကိစ္စရပ်များအား သီးခြားတွေ့ဆုံညှိနှိုင်းဆွေးနွေး



**နေပြည်တော် မေ ၂၉**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ ဗိုလ်မှူးချုပ်အောင်စိုးနှင့် တပ်မတော်အရာရှိကြီးများသည် KIO မှ ဗိုလ်ချုပ်ဆွမ်လွတ်ဂွမ်မော် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့နံနက် ၈ နာရီတွင် မြစ်ကြီးနားမြို့ မနောကွင်းအနီးရှိ ဧည့်ခန်းမ၌ တပ်ပိုင်းဆိုင်ရာကိစ္စရပ်များကို သီးခြားတွေ့ဆုံဆွေးနွေးကြသည်။**(ယာပုံ)**

ဆွေးနွေးပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးက နှစ်ဦးနှစ်ဖက်တပ်နေရာချထားမှုမှစပြီး တပ်ပိုင်းဆိုင်ရာကိစ္စရပ်များအားလုံးကို ဆွေးနွေးညှိနှိုင်းပြီးဖြစ်ပါကြောင်း၊ မေ ၃၀ ရက်တွင် တွေ့ဆုံဆွေးနွေးမည့် ဒုတိယနေ့ဆွေးနွေးပွဲ၌ အပြီးသတ်ဆွေးနွေးညှိနှိုင်းပြီး ထုတ်ပြန်ကြေညာချက်များကို ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါကြောင်း၊ ယနေ့အထိ နှစ်ဖက်ဆွေးနွေးမှုများအဆင်ပြေပြီး တိုးတက်သည့်လက္ခဏာများတွေ့မြင်နေရပြီဖြစ်ပါကြောင်း၊ တပ်မတော်မှ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်အား ပြောရေးဆိုခွင့်ရှိသူအဖြစ် ခန့်အပ်ထားပြီး သတင်းထုတ်ပြန်ရေးအဖွဲ့ကိုလည်း ဖွဲ့စည်းထားရှိပြီးဖြစ်သောကြောင့် ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း သတင်းမီဒီယာများအား ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းသည် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ ဗိုလ်မှူးချုပ်အောင်စိုး၊ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ ရှမ်းစုတောင်ရပ်ကွက်ရှိ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ရုံးအစည်းအဝေးခန်းမ၌ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ○



# ငမိုးရိပ်ချောင်းကူးကြိုးတံတား သဲသမွန်တိုက်မိ၍ ဝန်ချည်ကြိုးများပြတ်တောက်

**သတင်း-သော်ဇက်**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တို့ကို ဆက်သွယ်ထားသော ငမိုးရိပ်ချောင်းကူး လူကူးကြိုးတံတားသည် မေ ၂၉ ရက် နံနက် ၉ နာရီက အဏ္ဏဝါမင်းသဲတင်သမ္ဗန် တိုက်မိသောကြောင့် ဝန်ချည်ခါးဆိုင်းကြိုးများ ပြတ်တောက်သွားခဲ့သည်။

အဆိုပါသမ္ဗန်သည် ရေတက်ချိန်၌ ယင်းကြိုးတံတားအောက်မှ ဖြတ်သန်းစဉ် အလံတိုင်ဖြင့် ဝင်ရောက်တိုက်မိရာ တံတားအောက်ခြေထိန်းပင်မကြိုးနှင့် ချိတ်ဆက်ထားသော ဝန်ချည်ခါးဆိုင်းကြိုး ၂၂ ချောင်းရှိသည့်အနက် ရှစ်ချောင်းမှာ ချိတ်များဟသွားပြီး ပြတ်တောက်ခဲ့သည်။

ယင်းကဲ့သို့ ဖြစ်ပွားပြီးနောက် ရန်ကုန်တိုင်းဒေသကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်း၊ တံတားအထူးအဖွဲ့(၁)နှင့် မြောက်ဥက္ကလာပမြို့နယ် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းတံတား)မှ တာဝန်ရှိသူများက တံတားကြီးပြုပြင်မှုလုပ်ငန်းများကို အမြန်ဆုံး ပြီးစီးရေးအတွက် ချက်ချင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းတံတားအား ပြင်ဆင်နေချိန်တွင် ခရီးသွားများ ဖြတ်သန်းသွားလာမှုကို ခေတ္တရပ်ဆိုင်းခဲ့ပြီး မေ ၃၀ ရက်တွင် ပြန်လည်ဖြတ်သန်းသွားလာနိုင်ရန် ကြိုးစားပြင်ဆင်နေကြောင်း တံတားအထူးအဖွဲ့(၁)မှ တာဝန်ရှိသူက ပြောကြားခဲ့သည်။

အဆိုပါ လူကူးကြိုးတံတားသည် သက်တမ်း ၂၃ နှစ်ဝန်းကျင်ရှိပြီး အလျားပေ ၅၀၀ နီးပါး၊ အကျယ် ခြောက်ပေရှိပြီး နေ့စဉ်အသွား၊ အပြန်ခရီးသွားသောင်းဂဏန်း ဝန်းကျင်ဖြတ်သန်းသွားလာလျက်ရှိသည်။


SUN FAR Travels & Tours Co., Ltd. ၏
Sakura Branch ရုံးခန်းအားလပြည့်ဝန်းပလာဇာသို့ 01 June 2013 မှစ၍ ပြောင်းရွှေ့ဖွင့်လှစ်သွားပါမည်။

Sun Far (Sakura Branch) ပြောင်းရွှေ့လိပ်စာသစ်
Unit #03-05A, 3rd Floor, La Pyayt Wun Plaza,
No.37, Alanpya Pagoda Road, Dagon Township, Yangon.

ဖုန်းနံပါတ်များ ပြောင်းလဲခြင်းမရှိပါ။
255 338
255 883

